ကုမ္ပဏီအမည် - သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော် ထုတ်လုပ်မှုအုပ်စုလီမိတက် (National Prosperity Gold Production Group Limited)

လုပ်ငန်း - ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေစင်သတ္တုများရှာဖွေတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁။	အဆိုပြုလွှာတင်ပြခြင်း	၂၀-၂-၂၀၁၅		
၂။	အဆိုပြုလွှာ ပြန်လည် တင်ပြလာခြင်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အစည်းအဝေး(၃/၂၀၁၅)တွင် လမ်းညွှန်မှု ခံယူခြင်း။	၂၇-၂-၂၀၁၅		လုပ်ငန်းဆောင်ရွက်မည့် ဒေသန္တရ အခြေအနေအား ကွင်းဆင်း စစ်ဆေးသည့် အစီရင်ခံစာ တင်ပြပြီးမှ အဆိုပြုလွှာ လက်ခံ စိစစ်ရန် ဆုံးဖြတ်ခဲ့ပါသည်။
၃။	ကွင်းဆင်း စစ်ဆေးခြင်း။	၂၃-၃-၂၀၁၅	၂၄-၃-၂၀၁၅	
၄။	ကွင်းဆင်း စစ်ဆေးသည့် အစီရင်ခံစာအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အစည်းအဝေး (၇/၂၀၁၅) တွင် တင်ပြခြင်း။	၂၈-၄-၂၀၁၅		အဆိုပြုလွှာအား လက်ခံရန် ဆုံးဖြတ်ခဲ့ပါသည်။
၅။	အဆိုပြုလွှာတင်ပြခြင်း။	၄-၅-၂၀၁၅		
၆။	အဆိုပြုချက် စိစစ်ရေးအဖွဲ့ အစည်းအဝေး (၁၆/၂၀၁၅) သို့ တင်ပြခြင်း။	၁၁-၅-၂၀၁၅		
၇။	အဆိုပြုချက် လက်ခံကြောင်းနှင့် ဆုံးဖြတ်ချက်အား ပြန်ကြားခြင်း။	၂၂-၅-၂၀၁၅		
၈။	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့	၁၂-၅-၂၀၁၅	၁၀-၇-၂၀၁၅	
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန	၈-၅-၂၀၁၅		**ကြာမြင့်ချိန်(၈၉)ရက်** ၄-၈-၂၀၁၅ တွင် လက်ခံရရှိပါသည်။
	ထပ်မံပို့	၂၉-၅-၂၀၁၅		
	ထပ်မံပို့	၂၂-၇-၂၀၁၅	၃၀-၇-၂၀၁၅	
၉။	**မြေအသုံးပြုခွင့်တင်ပြခြင်း**			သတ္တုတွင်းဝန်ကြီးဌာနမှ တင်ဒါခေါ်ယူရာတွင် တင်ဒါတင်သွင်းသည့် ကုမ္ပဏီ (၁၆)ခု အနက် နိုင်ငံတော်သို့ ခွဲဝေပေးနိုင်သည့် ရွှေစင်(၅.၅၇၇) မက်ထရစ်တန်ဖြင့် အများဆုံးပေးသွင်း၍ တင်ဒါ အောင်မြင်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။
၁၀။	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြရန် ကုမ္ပဏီသို့ အကြောင်းကြားစာ ပေးပို့ခြင်း	၅-၈-၂၀၁၅	၁၁-၈-၂၀၁၅	
၁၁။	ကုမ္ပဏီမှလိုအပ်ချက် ပြင်ဆင်တင်ပြခြင်း	၁၁-၈-၂၀၁၅		
၁၂။	ကုမ္ပဏီမှ အဆိုပြုလွှာပေးပို့ခြင်း	၁၃-၈-၂၀၁၅		
၁၃။	**စုစုပေါင်း ကြာမြင့်ရက် (၉၆)ရက်**			

အကြောင်းအရာ။ **သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် အမျိုးသားကြီးပွား တိုးတက်ရေး ရွှေတူးဖော် ထုတ်လုပ်မှုအုပ်စုလီမိတက် (National Prosperity Gold Production Group Limited) တို့၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေစင်သတ္တုများ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။	ကုမ္ပဏီအမည်	**- အမျိုးသားကြီးပွား တိုးတက်ရေး ရွှေတူးဖော် ထုတ်လုပ်မှု အုပ်စုလီမိတက် (National Prosperity Gold Production Group Limited)**
	လုပ်ငန်းအဆိုပြုသူအမည်	- ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
	အဖွဲ့အစည်းပုံသဏ္ဌာန်	- မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
	ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံသူအမည်	- ဦးစိုးထွန်းရှိန်(အဘ-ဦးကြည်ရှိန်)
	အဆိုပြုလုပ်ငန်းအမျိုးအစား	- ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့်ရွှေစင်သတ္တု များ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း
	လုပ်ငန်းတည်နေရာ	- မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်း မြို့နယ်၊ ရွှေစင်တောင်၊ ထုံးကြီးတောင်၊ မိုးထိမိုးမိဒေသ ရှိ ရွှေသတ္တုအကြီးစား လုပ်ကွက်(A)
	မြေအကျယ်အဝန်း	- ၆,၁၀၅ ဧက (၂၄.၇၁ စတုရန်း ကီလိုမီတာ)
	မြေပိုင်ရှင်	- သတ္တုတွင်းဝန်ကြီးဌာနမှ တင်ဒါအောင်မြင်ထားပါသည်။
	ရင်းနှီးမြှုပ်နှံမှုသက်တမ်း	- ၂၅ နှစ် (ပုတ်ပြတ်စနစ် ၈ နှစ်၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ် ၁၇ နှစ်)
၂။	ပုံသေမြေ ငှားရမ်းခ (Dead Rent)	- ထူထောင်မှုကာလ (၃)နှစ် (တစ်စတုရန်း ကီလိုမီတာ) ၃.၆သန်း - ထုတ်လုပ်မှုကာလ (၅)နှစ် (တစ်စတုရန်း ကီလိုမီတာ) ၆.၀သန်း - ထုတ်လုပ်မှု အပေါ် ခွဲဝေခံစားသည့် စနစ် (၁၇)နှစ်
၃။	ဘဏ်အာမခံငွေ	- ကျပ် သိန်း တစ်သောင်း
	တည်ဆောက်ရေးကာလ	- (၁)နှစ်
၄။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- ကျပ် ၄၉,၉၀၄.၃၉ သန်း (US$ ၄၁.၀၈၇၀ သန်း အပါအဝင်)
	ထည့်ဝင်သည့် အမျိုးအစား	ကျပ် (သန်း)
	ငွေသား	၅၀.၀၀၀
	စက်ပစ္စည်းကိရိယာများတန်ဖိုး (ပြည်တွင်းဝယ်)	၈၂၀၆.၀၀၀
	စက်ပစ္စည်းကိရိယာများတန်ဖိုး (ပြည်ပဝယ်)	၃၈,၁၅၄.၆၃၀(US$ ၃၉.၃၃၅သန်း အပါအဝင်)
	ကုန်ကြမ်းပစ္စည်းများ တန်ဖိုး (ပြည်ပဝယ်)	၁,၆၉၉.၇၆၀ (US$ ၁.၇၅၂ သန်း အပါအဝင်)
	အဆောက်အဦတန်ဖိုး	၁,၃၉၅.၀၀၀
	ပရိဘောဂပစ္စည်းများတန်ဖိုး	၃၉.၀၀၀
	အခြား (Motor Vehicle) (ပြည်တွင်းဝယ်)	၃၆၀.၀၀၀
	စုစုပေါင်း	၄၉,၉၀၄.၃၉၀(US$ ၄၁.၀၈၇ သန်း အပါအဝင်)

၅။	ဝန်ထမ်းအင်အား	- ၁၅၄၄ ဦး
	ပြည်တွင်း	- ၁၅၃၉ ဦး အနိမ့်ဆုံးဝန်ထမ်းလစာ ကျပ် ၁၁၀,၀၀၀ အမြင့်ဆုံးဝန်ထမ်းလစာ ကျပ် ၇၀၀,၀၀၀
	ပြည်ပ	- ၅ ဦး လစာမှာ US$ ၂,၅၀၀ (၁ ဦးနှုန်း)
၆။	ရောင်းချမည့်စနစ်	- ပြည်တွင်း ၁၀၀ % ရောင်းချခြင်း။
၇။	ထုတ်လုပ်မှုနှင့် ရောင်းချမည့် ဈေးနှုန်း (ဆဋ္ဌမနှစ်)	- ထုတ်လုပ်မှုစုစုပေါင်း ကီလိုဂရမ် ၂,၂၅၀ — ဈေးနှုန်း တစ်ကီလိုဂရမ်(ကျပ်) ၄၁,၆၀၀,၀၀၀
		၆နှစ်မြောက် (ပုတ်ပြတ်ကာလ) ကျပ်(သန်း) — ၁၀နှစ်မြောက် (PSC)ကာလ ကျပ်(သန်း)
၈။	ကုမ္ပဏီ၏ ဝင်ငွေ	- ၉၃,၆၀၀ — ၆၅,၅၂၀
	ကုမ္ပဏီ၏ အသုံးစရိတ်	- ၈၄,၄၇၇ — ၃၉,၀၃၉
	ကုမ္ပဏီ၏ အသားတင်အမြတ်	- ၉,၁၂၃ — ၂၆,၄၈၁
၉။	အရင်းကြေကာလ	- ၇ နှစ်၊ ၇လ
၁၀။	အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၂၁.၀၇ %
၁၁။	**နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ်**	**၆နှစ်မြောက် (ပုတ်ပြတ်ကာလ)** ကျပ်(သန်း) — **၁၀နှစ်မြောက် (PSC)ကာလ** ကျပ်(သန်း)
	ကုန်သွယ်လုပ်ငန်းခွန်	၄,၆၀၁ — ၃,၂၇၆
	ဝင်ငွေခွန်	၄,၆၈၀ — ၉,၉၁၉
	ခဲတ်သတ္တုခွန် အပါအဝင် သတလ(၂)ဝေစု(၃၀%) ၆၇၅ကီလိုဂရမ် x ကျပ်၄၁.၆၀(သန်း)	- — ၂၈,၀၈၀
၁၂။	လျှပ်စစ် ဓါတ်အား သုံးစွဲမှု (နှစ်စဉ်)	- ၆၂၀,၀၀၀ unit
၁၃။	မီးဘေးကာကွယ်ထားရှိမှု အစီအစဉ်	- မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက်ရေးဆွဲတင်ပြထားပါသည်။
၁၄။	သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိရန် ဆောင်ရွက်ထားရှိမှု အစီအစဉ်	- သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုလေ့လာဆန်းစစ်ခြင်း (Environment and Social Impact Assessment-ESIA) အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသို့တင်ပြထားပြီးဖြစ်ပါသည်။
၁၅။	ကုမ္ပဏီမှ ဆောင်ရွက်မည့် CSR	- နှစ်စဉ် အသားတင်အမြတ်ငွေအပေါ် ၂%နှင့် ညီမျှသောငွေကို ရန်ပုံငွေလျာထားသုံးစွဲမည်ဖြစ်ပါသည်။

ကုမ္ပဏီအမည်	-	အမျိုးသားကြီးပွား တိုးတက်ရေး ရွှေတူးဖော် ထုတ်လုပ်မှုအုပ်စုလီမိတက် (National Prosperity Gold Production Group Limited)
အဖွဲ့အစည်းပုံသဏ္ဍာန်	-	မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့်ရွှေစင်သတ္တု များ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း
တည်နေရာ	-	မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ရွှေစင်တောင်၊ ထုံးကြီးတောင်၊ မိုးထိ မိုးမိဒေသရှိ ရွှေသတ္တုအကြီးစား လုပ်ကွက်(A)
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	ကျပ် ၄၉,၉၀၄.၃၉ သန်း (US$ ၄၁.၀၈၇၀ သန်း အပါအဝင်)
ရင်နှီးမြှုပ်နှံမှု သက်တမ်း	-	၂၅ နှစ်
	-	ထုတ်လုပ်မှု အပေါ် ခွဲဝေခံစားသည့် စနစ် (၁၇)နှစ်
	-	ပုတ်ပြတ်စနစ် (၈)နှစ်

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစု တင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံဝန်ထမ်းလစာ	၃.၀ (၁ နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		၁.၇
၃	သွန်းကုန်အခွန်ကင်းလွတ်ခွင့်		၁,၉၉၃
၄	ဝင်ငွေခွန်	၉,၆၁၈	၉,၀၄၃
၅	ကုန်သွယ်လုပ်ငန်းခွန်		၉,၃၆၀
၆	မြေငှားရမ်းခရငွေ		၄၉,၇၂၃
၇	လျှပ်စစ်မီးသုံးစွဲခ		၉၀
၈	CSR (၂%)		၃၅၅
၉	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်းဝန်ထမ်း ၁၅၃၉ ဦး အလုပ်အကိုင် ရရှိမည် ဖြစ်ပါသည်။
၁၀	**စုစုပေါင်း**	၉,၆၂၁	၇၀,၅၆၅.၇
		၁ : ၇	

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက- ၅(သ)/၀၀၄/၂၀၁၅ (၂၅၆)

ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့

တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော် ထုတ်လုပ်မှု အုပ်စုလီမိတက် (National Prosperity Gold Production Group Limited)တို့၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေစင်သတ္တုများ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြု တင်ပြလာခြင်း ကိစ္စ**

၁။ သတ္တုတွင်း ဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် အမျိုးသားကြီးပွား တိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှု အုပ်စုလီမိတက် (National Prosperity Gold Production Group Limited) တို့သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ မိုးထိ မိုးမိဒေသ ရွှေစင်တောင်၊ ထုံးကြီးတောင်တို့တွင် ရွှေသတ္တုအကြီးစားလုပ်ကွက်(A) ဧရိယာ ၆,၁၀၅ ဧက (၂၄.၇၁ စတုရန်းကီလိုမီတာ)တွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်(PSC)စနစ်ဖြင့် ရွှေစင်သတ္တုများ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါ ရန် သတ္တုတွင်း ဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုတင်ပြလာပါသည်။

၂။ သတ္တုတွင်းဝန်ကြီးဌာနမှ တင်ဒါခေါ်ယူရာတွင် တင်ဒါတင်သွင်းသည့် ကုမ္ပဏီ (၁၆)ခု အနက် နိုင်ငံတော်သို့ ခွဲဝေပေးနိုင်သည့် ရွှေစင် (၅.၅၇၇) မက်ထရစ်တန်ဖြင့် အများဆုံးပေးသွင်း၍ တင်ဒါ အောင်မြင်ထားသော ကုမ္ပဏီဖြစ်ပါသည်။ ထူထောင်မှုကာလ အတွက် တစ်စတုရန်း ကီလိုမီတာလျှင် ပုံသေမြေငှားရမ်းခ (Dead Rent) တစ်နှစ် အတွက် ကျပ် ၃.၆၀ သန်းနှုန်း၊ ထုတ်လုပ်မှု ကာလအတွက် တစ်စတုရန်း ကီလိုမီတာလျှင် ပုံသေမြေ ငှားရမ်းခ (Dead Rent) အတွက် ကျပ် ၆.၀ သန်းနှုန်း ပေးဆောင် ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကာလမှ ၂၅ နှစ်ဖြစ်ပြီး၊ ပုတ်ပြတ်စနစ်ဖြင့် ၈နှစ်(၁၆-၉-၂၀၁၁ မှ ၁၅-၉-၂၀၁၉ထိ)၊ ထုတ်လုပ်မှု အပေါ်ခွဲဝေခံစားသည့် စနစ်ဖြင့် ၁၇နှစ် (၁၆-၉-၂၀၁၉ မှ ၁၅-၉-၂၀၃၆ထိ) ဖြစ်ပါသည်။ ကုမ္ပဏီမှဘဏ်အာမခံငွေအဖြစ် ကျပ်သိန်း တစ်သောင်း ထားရှိရမည်ဖြစ်ပြီး တည်ဆောက်ရေး ကာလ မှာ ၁နှစ်ခန့် ကြာမြင့်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

၄။ အဆိုပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၁.၀၈၇ သန်း အပါအဝင် စုစုပေါင်း ကျပ် ၄၉,၉၀၄. ၃၉၀ သန်း ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ ၄၁.၀၈၇ သန်း တန်ဘိုးရှိ

လုပ်ငန်းသုံး စက်ပစ္စည်း ကိရိယာများနှင့် ကုန်ကြမ်း ပစ္စည်းများအား ပြည်ပမှ တင်သွင်းမည် ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

စုစုပေါင်းကျပ်(သန်း)

(က)	ငွေသား	၅၀.၀၀၀
(ခ)	စက်ပစ္စည်းကိရိယာများတန်ဘိုး (ပြည်တွင်းဝယ်)	၈၂၀၆.၀၀၀
(ဂ)	စက်ပစ္စည်းကိရိယာများတန်ဘိုး (ပြည်ပဝယ်)	၃၈,၁၅၄.၆၃၀ (US$ ၃၉.၃၃၄ သန်းအပါအဝင်)
(ဃ)	ကုန်ကြမ်းပစ္စည်းများ တန်ဘိုး (ပြည်ပဝယ်)	၁,၆၉၉.၇၆၀ (US$ ၁.၇၅၂ သန်း အပါအဝင်)
(င)	အဆောက်အဦတန်ဘိုး	၁,၃၉၅.၀၀၀
(စ)	ပရိဘောဂပစ္စည်းများတန်ဘိုး	၃၉.၀၀၀
(ဆ)	အခြား (Motor Vehicle) (ပြည်တွင်းဝယ်)	၃၆၀.၀၀၀
	စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု	**၄၉,၉၀၄.၃၉၀** (US$ ၄၁.၀၈၇ သန်း အပါအဝင်)

၅။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန် ပြည်တွင်းမှ ဝန်ထမ်း ၁၅၃၉ ဦး ခန့်ထားမည်ဖြစ်ကြောင်း တင်ပြ ထားပြီး ပြည်တွင်းဝန်ထမ်း(၁) ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၁၀,၀၀၀ ဖြစ်၍ အမြင့်ဆုံးလစာ မှာ ကျပ် ၇၀၀,၀၀၀ ဖြစ်ပါသည်။ နိုင်ငံခြားသားပညာရှင် (၅)ဦး အား US$ ၂,၅၀၀ ဖြင့် ခန့်ထားမည် ဖြစ်ပါသည်။

၆။ အဆိုပြုလုပ်ငန်းမှထွက်ရှိသော ရွှေစင်များအား ပြည်တွင်း၌ ၁၀၀ % ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ် (၆နှစ်မြောက်)ရှိ ကုမ္ပဏီ၏ ထုတ်လုပ်မှု၊ ရောင်းချမည့်ဈေးနှုန်းနှင့် ဝင်ငွေများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (ကီလိုဂရမ်)	တစ်ကီလိုဂရမ် ရောင်းဈေးနှုန်း (ကျပ်'၀၀၀)	ဝင်ငွေ (ကျပ်'၀၀၀)
(က)	ရွှေစင်သတ္တု	၂,၂၅၀	၄၁,၆၀၀	၉၃,၆၀၀,၀၀၀

၇။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် ၆နှစ်မြောက်(ပုတ်ပြတ်ကာလ)နှင့်၁၀နှစ်မြောက် (PSC) ကာလတွင် ကုမ္ပဏီမှရရှိမည့် ဝင်ငွေ၊ အသုံးစရိတ် နှင့် အသားတင်အမြတ် တို့မှာ ခန့်မှန်းခြေ မှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည် -

		လုပ်ငန်း၏ ၆နှစ်မြောက် (ပုတ်ပြတ်ကာလ)	(ကျပ်(သန်း)) လုပ်ငန်း၏ ၁၀ နှစ်မြောက် (PSC) ကာလ
(က)	ဝင်ငွေ	၉၃,၆၀၀	၆၅,၅၂၀
(ခ)	အသုံးစရိတ်	၈၄,၄၇၇	၃၉,၀၃၉
(ဂ)	အသားတင်အမြတ်	၉,၁၂၃	၂၆,၄၈၁

၈။ အရင်းကြေကာလမှာ ၇ နှစ်နှင့် ၇ လ ဖြစ်ပြီး၊ အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ ၂၁.၀၇ ရာခိုင်နှုန်း ဖြစ်ပါသည်။ အမေရိကန်တစ်ဒေါ်လာလျှင် ၉၇၀ ကျပ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

၉။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် ၆နှစ်မြောက် (ပုတ်ပြတ်ကာလ) နှင့် ၁၀နှစ်မြောက် (PSC) ကာလတွင် နိုင်ငံတော်မှ ရရှိမည့် ဝင်ငွေခွန် နှင့် ကုန်သွယ်လုပ်ငန်းခွန် တို့မှ အောက်ပါအတိုင်းဖြစ်ပါသည်။

		လုပ်ငန်း၏ ၆နှစ်မြောက် (ပုတ်ပြတ်ကာလ)	(ကျပ်(သန်း)) လုပ်ငန်း၏ ၁၀ နှစ်မြောက် (PSC) ကာလ
(က)	ဝင်ငွေခွန်	၄,၆၀၁	၃,၂၇၆
(ခ)	ကုန်သွယ်လုပ်ငန်းခွန်	၄,၆၈၀	၉,၉၁၉
(ဂ)	ဓါတ်သတ္တုခွန် အပါအဝင် သတလ(၂)ဝေစု(၃၀%) ၆၇၅ကီလိုဂရမ် x ကျပ်၄၁.၆၀(သန်း)	-	၂၈,၀၈၀

၁၀။ အဆိုပြုချက်နှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ပြင်ဆင်ထားသည့် သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် အမျိုးသားကြီးပွား တိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက် တို့ချုပ်ဆိုထားသည့် ရွှေသတ္တုထုတ်လုပ်မှု အပေါ်ခွဲဝေခံစားသည့် လုပ်ငန်းသဘောတူစာချုပ်၊ ပြင်ဆင်ချက် သဘောတူစာချုပ်နှင့် ဒုတိယအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်များနှင့် လုပ်ငန်းတည်နေရာပြ မြေပုံများကို ပူးတွဲတင်ပြထားပါသည်။ စာချုပ်မူကြမ်းပါ အဓိက အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လုပ်ကွက်အဆိုပြုငွေ တန်ဖိုးငွေကျပ် (၁၀၀,၀၀၀,၀၀၀)(ကျပ် သန်း တစ်ရာ တိတိ) ကို လက်မှတ်ရေးထိုးသည့်နေ့မတိုင်မီ ပေးသွင်းရမည်။ **သဘောတူစာချုပ် (အပိုဒ်- ၁၇)**

(ခ) ကန်ထရိုက်တာသည် စာချုပ်ပါ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာမှ လက်ခံ ကျင့်သုံးသည့် သတ္တု တူးဖော်ထုတ်လုပ်မှု နည်းပညာ အဆင့် အတန်းများနှင့် အညီအထိရောက်ဆုံး လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာမှအတတ်ပညာ၊ အရင်းအနှီးနှင့် စက်ပစ္စည်းများကို ဖိတ်ခေါ် ဆောင်ရွက်နိုင်ခွင့် ကိစ္စနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။ **ပြင်ဆင်ချက် သဘောတူစာချုပ် (အပိုဒ် ၄)**

(ဂ) သဘောတူစာချုပ်အရ ရွှေသတ္တုအကြီးစား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုသည့်ကာလမှာ သက်တမ်း (၂၅)နှစ် ဖြစ်သည်။ သက်တမ်းတိုးမြှင့်ရန် လိုအပ်ပါက သတ်မှတ်ထားသော ခွင့်ပြုကာလမကုန်ဆုံးမီ (၆)လကြိုတင်၍အမှတ်(၂) သတ္တုတွင်းလုပ်ငန်းသို့ တင်ပြရမည်။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ သဘောတူလျှင် သက်တမ်း (၅) နှစ် တိုးမြှင့်နိုင်သည်။ **ပြင်ဆင်ချက် သဘောတူစာချုပ် (အပိုဒ်- ၅)**

(ဃ) ပုတ်ပြတ်စနစ်ဖြင့် ပေးသွင်းရမည့် (၈)နှစ် ပြီးဆုံးပြီးနောက် ကျန်ကာလ(၁၇)နှစ်တွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ယင်းကာလ၌ ပေးသွင်းရမည့် အချိုးကို ကန်ထရိုက်တာမှ အပြည့်အဝ ပေးသွင်းရမည်။ **ပြင်ဆင်ချက် သဘောတူစာချုပ် (အပိုဒ် ၇)**

(င) ဓာတ်သတ္တုခွန်(၅%)အပါအဝင် ပေးသွင်းရမည့် ရွှေစင်သတ္တု (၉၉.၉၉%)ပါဝင်သော ရွှေစင်သတ္တု (၅.၅၇၇)မက်ထရစ်တန်အား ကနဦး သတ်မှတ်ခွင့်ပြုကာလ(၈)နှစ်အတွင်း ပုတ်ပြတ်စနစ်ဖြင့် အပြည့်အဝ ပေးသွင်းရမည်။ **ပြင်ဆင်ချက် သဘောတူစာချုပ်(အပိုဒ် ၆၊ အပိုဒ်ခွဲ - က)**

(စ) ကန်ထရိုက်တာမှ ပေးသွင်းရမည့် ဓာတ်သတ္တုခွန် ၅% ကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ တစ်ဆင့် နိုင်ငံတော်သို့ပေးဆောင်ရမည်။ ကန်ထရိုက်တာသည် ပုံသေ မြေငှားရမ်းခ (Dead Rent)ကို မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ သတ္တုတွင်းဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကာလ များအလိုက် နှုန်းထားများအတိုင်း သတ္တုတွင်း ဦးစီးဌာနသို့ ပေးဆောင်ရမည်။**ပြင်ဆင် ချက် သဘောတူစာချုပ် (အပိုဒ် ၉)**

(ဆ) စာချုပ်သက်တမ်း(၈)နှစ်ကို ပုတ်ပြတ်စနစ်ဖြင့် ဆောင်ရွက်မည် ဖြစ်သည်။ ကျန်ကာလ (၁၇)နှစ်တွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လစဉ်အချိုးကျ အမှတ်(၂) သတ္တုတွင်း လုပ်ငန်းမှ ဓာတ်သတ္တုခွန်အပါအဝင် (၃၀)% နှင့် ကန်ထရိုက်တာ မှ ၇၀% ခွဲဝေခံစား ရမည်။ **ပြင်ဆင်ချက် သဘောတူစာချုပ် (အပိုဒ် ၁၀)**

(ဇ) သဘောတူ စာချုပ်လက်မှတ်ရေးထိုးပြီး နှစ်ဦးနှစ်ဖက်မှ ပူးတွဲစီမံခန့်ခွဲရေး ကော်မတီကို ဖွဲ့စည်းရမည်။ ပူးတွဲ စီမံခန့်ခွဲရေး ကော်မတီတွင် အဖွဲ့ဝင်(၅) ဦး ပါရှိရမည် ဖြစ်ပြီး၊ အမှတ်(၂) သတ္တုတွင်း လုပ်ငန်းမှ (၃) ဦး နှင့် ကန်ထရိုက်တာမှ (၂) ဦး အဆိုပြုရမည်။

ဥက္ကဋ္ဌတာဝန်ကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌမှကော်မတီ အတွင်းရေးမှူး တစ်ဦးဦးကို ခန့်ထားရမည်။ လိုအပ်ပါက နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် အဖွဲ့ဝင်အင်အားကို တိုးချဲ့ဖွဲ့စည်းနိုင်သည်။ **ပြင်ဆင်ချက် သဘောတူ စာချုပ် (အပိုဒ် ၁၄-က)**

(ဈ) ကန်ထရိုက်တာသည် ဤစာချုပ် လက်မှတ် ရေးထိုးပြီးနောက် ရက်ပေါင်း (၃၀)အတွင်း လုံခြုံမှု အာမခံစပေါ်ငွေ (Security Deposit)အဖြစ် ကျပ် ၁,၀၀၀,၀၀၀,၀၀၀/- (ကျပ်သန်းတစ်ထောင်တိတိ)ကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ စာရင်းရှင် ငွေစာရင်းတွင် စာချုပ်သက်တမ်း တိုးမြှင့်သည့် ကာလအထိ(သို့မဟုတ်) ကန်ထရိုက်တာမှ စာချုပ်ပါ တာဝန်ဝတ္တရားများအားလုံး ဆောင်ရွက်ပြီးစီးသည့်အထိ စာချုပ်သက်တမ်းတစ်လျှောက် ထားရှိရမည်။ **ပြင်ဆင်ချက် သဘောတူစာချုပ် (အပိုဒ် ၁၅)**

(ည) နိုင်ငံတော်သို့ ပုတ်ပြတ်စနစ်ဖြင့် ပေးသွင်းရမည့် (၈)နှစ်စာရွှေစင် (၅.၅၇၇)မက်ထရစ်တန်မှ ရွှေစင် (၁၄၆.၅၆၅၆) ပိဿာအား (၁၆-၉-၂၀၁၁)ရက်နေ့မှ (၃၁-၃-၂၀၁၄) ရက်နေ့အတွင်း လည်းကောင်း၊ ကျန်ပေးသွင်းရမည့် ရွှေစင် (၃,၂၆၈.၇၆၁၉)ပိဿာအား (၁-၄-၂၀၁၄) ရက် နေ့မှ (၁၅-၉-၂၀၁၉) ရက်နေ့အတွင်း လည်းကောင်း နောက်ဆက်တွဲ ဇယားပါအတိုင်း အပြည့်အဝ ပေးသွင်းရမည်။ **ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ် (အပိုဒ် ၂)**

၁၁။ ကုမ္ပဏီအနေဖြင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် အခွန်ဥပဒေများအတိုင်း ပေးသွင်းရမည့် အခွန်များကို ဒုတိယအကြိမ် ပြင်ဆင်စာချုပ်နှင့်အညီ ၃၀-၇-၂၀၁၅အထိ အခွန် ပေးဆောင်ထားသည့် အထောက်အထားများ၊ ဘဏ်အာမခံငွေ နှင့် ပုံသေ မြေငှားခအား(၁-၁၀-၂၀၁၄မှ ၃၁-၃-၂၀၁၅အထိ) ပေးသွင်းပြီး ဖြစ်ကြောင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ လက်ခံရရှိထားသော ငွေရလွှာများကိုတင်ပြထားပါသည်။

၁၂။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်း နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ သဘောထားများ တောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါသည်-

(က) **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့** **(နောက်ဆက်တွဲ-က)**

(၁) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်မှုမရှိပါ၊

(၂) မြို့နယ်ဒေသအလုပ်အကိုင်၊ အခွင့်အလမ်းများနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပါသည်၊

(၃) အဆိုပါ လုပ်ငန်း ဆောင်ရွက်ခြင်းအပေါ် ဒေသခံလူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်မှုရှိပါသည်၊

(၄) တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သီးခြားအကြံပြုရန် မရှိပါကြောင်း သဘောထား မှတ်ချက် ပြန်ကြားထားပါသည်။

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန (နောက်ဆက်တွဲ-ခ)**

(၁) ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာတွင် အစီရင်ခံစာ အကျဉ်းချုပ်အား ပဏာမထည့်သွင်းဖော်ပြရန်၊

(၂) အသုံးပြုသည့် ဆိုင်ယာနိုက်အပါအဝင် ဓာတုပစ္စည်းများအားလုံး ဝယ်ယူမှု၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်ထားရှိမှု၊ အသုံးပြုမှု ဆိုင်ရာ အချက်အလက်များကို စာရင်းကောက်ယူမှတ်တမ်းထားရှိပြီး အပြည်ပြည်ဆိုင်ရာ ဆိုင်ယာနိုက် စီမံခန့်ခွဲမှုကျင့်ထုံး (International Cyanide Management Code)နှင့်အညီ ဆောင်ရွက်သွားရန်၊

(၃) ရွှေတူးဖော် သန့်စင်ခြင်းလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်၊

(၄) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများအား လျှော့နည်းစေရန် ဆောင်ရွက်မည့် အစီအမံများအား အစီရင်ခံစာအတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်ရန်၊

(၅) အလားတူ စောင့်ကြပ်ကြည့် ရှုစစ်ဆေးမည့် အစီအမံများကိုလည်း အစီရင်ခံစာအတိုင်း တိကျစွာလိုက်နာ ဆောင်ရွက်ရန်၊

(၆) ရေလျှံခြင်း၊ မြေပြိုခြင်းများအတွက် အရေးပေါ်ကာကွယ်ရေးအစီအစဉ်များကို အစီရင်ခံစာအတိုင်း လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၇) ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာပါ အချက်အလက်များအား စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သူ သို့မဟုတ် စီမံကိန်းပိုင်ရှင်မှ လိုက်နာမည် ဖြစ်ကြောင်း ကတိကဝတ်ကို အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(၈) စီမံကိန်းအတွက် အသုံးပြုမည့် စံချိန်စံညွှန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ အမျိုးသား စံချိန်စံညွှန်းများ ထုတ်ပြန်မသတ်မှတ်ရသေးမီ ကာလအတွင်း အစီရင်ခံစာပါ အပြည်ပြည် ဆိုင်ရာအသိအမှတ်ပြု စံချိန်စံညွှန်းများအား အသုံးပြုရန်နှင့် အမျိုးသား စံချိန်စံညွှန်းများ သတ်မှတ်ပြီးပါက အဆိုပါသတ်မှတ် စံချိန်စံညွှန်း အတိုင်း အသုံးပြုဆောင်ရွက်သွားရန်၊

(၉) စီမံကိန်းအကောင်အထည်ဖော်သည့်အခါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်စောင့်ကြပ်ကြည့်ရှု လေ့လာခြင်းဆိုင်ရာ ဆောင်ရွက်မှု အစီရင်ခံစာ များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရန်၊

(၁၀) ဒေသခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် လူမှုရေးဆိုင်ရာပူးပေါင်းတာဝန်ယူမှု (Corporate Social Responsibility) ကို အစီရင်ခံစာအတိုင်း လိုက်နာဆောင်ရွက်သွားရန်၊

(၁၁) ပါဝင် ပတ်သက်သူများ၊ ဒေသခံ ပြည်သူများနှင့် ဆွေးနွေး တိုင်ပင်ရာတွင် ထိခိုက်ခံစားရနိုင်သည့် ဒေသခံပြည်သူများ မဖြစ်မနေပါဝင်စေရန် နှင့်ယင်းတို့၏ သဘောထားများ၊ အကြံပြုချက်များနှင့် ဆွေးနွေးပွဲ ရလဒ်များအား ထည့်သွင်း ဖော်ပြရန်၊

(၁၂) မိုင်းပိတ်သိမ်းမှု အစီအစဉ်တွင် ပိုမိုပြည့်စုံသည့် Mine Closure Plan အား အသေးစိတ် ရေးဆွဲဖော်ပြပေးရန်၊

(၁၃) ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ သတ္တုတွင်း ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြဋ္ဌာန်းထားသည့် တည်ဆဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ ၊လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များအားလုံး နှင့်အညီ လိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ (ESIA Report) အပေါ် သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။

ကုမ္ပဏီမှ ရွှေတူးဖော်သန့်စင်ခြင်းလုပ်ငန်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား၊ ရေလှောင်ခြင်း၊ မြေပြိုခြင်းများအတွက် အရေးပေါ်ကာကွယ်ရေး အစီအစဉ်များကို အစီရင်ခံစာအတိုင်း လိုက်နာကတိပြုဝန်ခံချက်၊ အပြည်ပြည်ဆိုင်ရာ ဆိုင်ယာနိုက် စီမံခန့်ခွဲမှုကျင့်ထုံး (International Cyanide Management Code)နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊ ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရ မိုင်းပိတ်သိမ်းမှုအစီအစဉ်တွင် Mine Closure Plan အသေးစိတ်နှင့်တကွ တင်ပြသွားမည်ဖြစ်ပြီး ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာတွင် အစီရင်ခံစာအကျဉ်းချုပ်နှင့်တကွ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအမံများ၊ အစီရင်ခံစာပါ အချက်အလက်များအား စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သူ သို့မဟုတ် စီမံကိန်းပိုင်ရှင်မှ လိုက်နာမည်ဖြစ်ကြောင်း ကတိကဝတ်များကို တင်ပြထားပါသည်။

၁၃။ ငွေကြေးအထောက်အထားအဖြစ် ကုမ္ပဏီအမည်ဖြင့် KBZ(ကမ္ဘောဇဘဏ်ခွဲ)၌(၇-၈-၂၀၁၅) နေ့စွဲဖြင့် ချေးငွေစာရင်း ကျပ်သန်း ၂,၀၀၀ တွင် လက်ကျန်ငွေကျပ် ၁,၈၀၃ သန်း ရှိကြောင်း တင်ပြထားပါသည်။

၁၄။ အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ကြောင်း ဝန်ခံချက်၊ မီးဘေးကာကွယ်မှု အစီအမံများ၊ အလုပ်သမားဘေးအန္တရာယ် ကင်းရှင်းရေးစီမံချက်၊ ဝန်ထမ်းများ၏ လုပ်ခမှ လစာဝင်ငွေခွန် ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံချက်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရန် ဆောင်ရွက်ထားရှိမှု အစီအစဉ်၊ စက်ရုံဝန်ထမ်းများ သက်သာချောင်ချိရေး နှင့် လုပ်ငန်းခွင်သာယာရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု တို့ကို တင်ပြထားပါသည်။

၁၅။ **စိစစ်တင်ပြချက်**

(က) အမျိုးသားကြီးပွား တိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှု အုပ်စုလီမိတက် မှ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ရွှေစင်တောင်၊ ထုံးကြီးတောင် မိုးထိ မိုးမိဒေသရှိ ရွှေသတ္တုအကြီးစား လုပ်ကွက်(A)အား ရွှေစင်သတ္တု ထုတ်လုပ်ခြင်း လုပ်ငန်းကို၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၆/၂၀၁၁)ကြိမ် မြောက်အရ မှတ်တမ်းတင် သဘောတူပြီး ဖြစ်ပါသော်လည်း (၃၀-၈-၂၀၁၃) ရက်နေ့ အဆိုပြုချက် တင်ပြလာခြင်း နှင့် စပ်လျဥ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့ရက်စွဲပါစာဖြင့် အဆိုပြုလုပ်ငန်းအား ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြ ခွင့်ပြုချက်ရယူပြီး အချက်အလက် ပြည့်စုံမှသာ ကော်မရှင်သို့ ပြန်လည်တင်ပြရန် အကြောင်းကြား ခဲ့ပါသည်။

(ခ) သတ္တုတွင်းဝန်ကြီးဌာနမှ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခွင့်အတွက် ၂၀၁၅ခုနှစ် ဇန်နဂါရီလ ၁ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စု အစိုးရအဖွဲ့၏(၁/၂၀၁၅) ကြိမ်မြောက် အစည်းအဝေး သို့တင်ပြခဲ့ရာ အစည်းအဝေးမှ "အမျိုးသားကြီးပွား တိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ် မှုအုပ်စု လီမိတက် ၊ ရွှေမိုးယံကုမ္ပဏီ လီမိတက်၊ အာရှကမ္ဘာမြေ စက်မှု လုပ်ငန်းနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းလီမိတက်တို့မှ ပထမအကြိမ် ပြင်ဆင် ချုပ်ဆို သည့် စာချုပ်ပါ ပေးသွင်း ရမည့် ရွှေစင်ပမာဏနှင့် ပေးသွင်းရန်ကာလ ပြောင်းလဲမှုမရှိ ဘဲ လစဥ်ပေးသွင်းရမည့် လျာထားချက်အား ထပ်မံပြင်ဆင်သည့် စာချုပ်တို့အား ချုပ် ဆိုပြီးစီးမှုများကို မှတ်တမ်းတင်ရန် တင်ပြခြင်းကို သဘောတူကြောင်း" ဆုံးဖြတ်ချက် အား ပူးတွဲ တင်ပြ ထားပါသည်။

(ဂ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အမိန့်ကြော်ငြာ စာအမှတ် ၅၀/၂၀၁၄ အရ ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းသည် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ချက် ရယူရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်း အမျိုးအစား စာရင်းတွင် ပါဝင်ကြောင်း စိစစ် ရပါသည်။

(ဃ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၄ အရ သဘာဝအရင်းအမြစ် တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများမှာ အကောက်ခွန်ကင်း လွတ်ခွင့်နှင့် သက်သာခွင့်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေး ရန်မလိုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပါဝင်သည့်အတွက် ဝင်ငွေခွန် ကင်းလွတ် ခွင့် (၅) နှစ်သာ ရရှိနိုင်မည် ဖြစ်ကြောင်း စိစစ်ရပါသည်။

(င) သို့ဖြစ်ပါ၍ ပြည်ပမှ တင်သွင်းမည့် လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများနှင့် ကုန်ကြမ်းပစ္စည်းများအား အခွန်အကောက်ပေးဆောင်၍ တင်သွင်းရမည် ဖြစ်ပါသည်။

(စ) ပုတ်ပြတ်စနစ် (၈)နှစ်မှာ (၁၆-၉-၂၀၁၁)ရက်နေ့မှ (၁၅-၉-၂၀၁၉) ရက်နေ့ အထိ ဖြစ်ပြီး၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ် (၁၇) နှစ်မှာ (၁၆-၉-၂၀၁၉)ရက်နေ့မှ (၁၅-၉-၂၀၃၆) ရက်နေ့ အထိဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ခါတ်သတ္တု အကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်တွင် ဖော်ပြပါရှိသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက် တင်ပြသည့် ကာလသည် ပုတ်ပြတ်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက် နေသည့်ကာလ ဖြစ်ပါသည်။

(ဆ) အဆိုပါ လုပ်ငန်းတွင် လုပ်သားများ၏ အနိမ့်ဆုံး လစာမှာ ကျပ် ၁၁၀,၀၀၀ နှုန်း ဖြစ်ပါသည်။ အဆိုပါ လစာနှုန်းထားသည် သာမန် အထည်ချုပ်များတွင် ပေးသော လစာနှုန်းထားဖြစ်ပါသည်။ သတ္တုတူးဖော်သည့် လုပ်ငန်းဖြစ်သဖြင့် ပိုမို ပေးသင့်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ဆုံးဖြတ်ရန်အချက်


၁၆။ သတ္တုတွင်း ဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် အမျိုးသားကြီးပွား တိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှု အုပ်စုလီမိတက် (National Prosperity Gold Production Group Limited) တို့သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ မိုးထိ မိုးမိဒေသ ရွှေစင်တောင်၊ ထုံးကြီးတောင်တို့တွင် ရွှေသတ္တုအကြီးစားလုပ်ကွက်(A) ဧရိယာ ၆,၁၀၅ ဧက (၂၄.၇၁ စတုရန်းကီလိုမီတာ)တွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်(PSC)စနစ်ဖြင့် ရွှေစင်သတ္တုများ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါ ရန် တင်ပြခြင်းကိစ္စအပေါ် ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)

(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူ

ရုံးလက်ခံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့

စာအမှတ်၊ ၂ / ၃ - ၆ / ၃၂ ဦး ၆(၁၄၀)
ရက် စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ ။ သဘောထားမှတ်ချက်ပြန်ကြားခြင်း

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရန်ကုန်မြို့၏ (၁၂.၅.၂၀၁၅)ရက်စွဲပါ စာအမှတ်၊ ရက - ၅ (သ) / ၀၀၄ / ၂၀၁၅ (၁၃၅)

၁။ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ ရွှေစင်တောင်၊ ထုံးကြီးတောင်တို့၌ ရွှေသတ္တုအကြီးစားလုပ်ကွက်(A)၊ ဧရိယာ ၆၁၀၅ ဧက(၉.၅၄)စတုရန်းမိုင်တွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရွှေစင်သတ္တုများ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်(National Prosperity Gold Production Group Limited)တို့ပူးပေါင်း၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘောထားစိစစ်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာပါသည်။

၂။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် လုပ်ငန်းလုပ်ကိုင်နိုင်သည့် မြေနေရာဖြစ်ခြင်း၊ တိုင်းဒေသကြီးအတွင်း စီးပွားရေးအထောက်အကူဖြစ်စေခြင်းနှင့် အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်အနေဖြင့် ရွှေသတ္တုတူးဖော်ဆောင်ရွက်နေသည်မှာလည်း(၂၀၁၂) ခုနှစ်ကတည်းက တူးဖော်ထုတ်လုပ်လျက်ရှိနေသည်ကို စိစစ်တွေ့ရှိရသည့်အပြင် အောက်ပါအချက်များနှင့်လည်း ကိုက်ညီမှုရှိသည်ကို စိစစ်တွေ့ရှိရပါသည် -

(က) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်မှုမရှိပါ၊

(ခ) မြို့နယ်ဒေသအလုပ်အကိုင်၊ အခွင့်အလမ်းများနှင့်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပါသည်၊

(ဂ) အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံလူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်မှုရှိပါသည်၊

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သီးခြားအကြံပြုရန် မရှိပါ ။

၃။ သို့ဖြစ်ပါ၍ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်(National Prosperity Gold Production Group Limited) တို့ပူးပေါင်း၍ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ ရွှေစင်တောင်၊ ထုံးကြီးတောင်တို့၌ ရွှေသတ္တု

အကြီးစားလုပ်ကွက်(A)၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရွှေစင်သတ္တုများ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံဆောင်ရွက် သွားမည့်လုပ်ငန်းအား (၂.၇.၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁၉/၂၀၁၅)၊ ဆုံးဖြတ်ချက်အပိုဒ်(၇၇)အရ ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ရဲမြင့်
ဝန်ကြီးချုပ်

မိတ္တူကို

လှည့်လည်စာတွဲ ၊
ရုံးလက်ခံ ။

နောက်ဆက်တွဲ(ခ)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် ၃(၂)/၁၁(ဃ)(၆)/(၁၆၆၀ /၂၀၁၅)
ရက်စွဲ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက်ပြန်ကြားခြင်း

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၉-၅-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ရကာ - ၅ (သ) / ၀၀၄ / ၂၀၁၅ (၁၅၉)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း နှင့် အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှု အုပ်စုလီမိတက် (National Prosperity Gold Production Group Limited) တို့သည် မန္တလေးတိုင်းဒေသကြီး ၊ ရမည်းသင်းခရိုင် ၊ ရမည်းသင်းမြို့နယ် ၊ မိုးထိမိုးမိဒေသ ရွှေစင်တောင် ၊ ထုံးကြီးတောင်တို့တွင် ရွှေသတ္တုအကြီးစားလုပ်ကွက် (A) ဧရိယာ (၆,၁၀၅) ဧက (၉.၅၄ စတုရန်းမိုင်) တွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေစင်သတ္တုများ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်း နှင့် ပတ်သက်သည့် ပတ်ဝန်းကျင် နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ (ESIA Report) အပေါ် စိစစ်ပြီး သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်မှ ရွှေစင်သတ္တုများ ရှာဖွေထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုလျှောက်ထားသည့် လုပ်ကွက်မြေဧရိယာ(၆၁၀၅)ဧကသည် ရမည်းသင်းမြို့နယ်၊ထုံးကြီးတောင်ကြိုးပြင် ကာကွယ်တောအဖြစ် သတ်မှတ်ဖွဲ့စည်းရန် အဆိုပြုထားသော ဧရိယာအတွင်း ပါဝင်ကျရောက်သဖြင့် ထုံးကြီးတောင်ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းနိုင်ခြင်း မရှိမီ သစ်တောနယ်မြေဟု မသတ်မှတ်နိုင်သော်လည်း သစ်တောဥပဒေ ပုဒ်မ - ၁၂ (က) အရ “ မည်သူမဆို သစ်တောနယ်မြေ နှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအတွင်း ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်လို လျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်” ဟူသည့် ပြဋ္ဌာန်းချက် နှင့်အညီ အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအတွင်းသစ်တောဖုံးလွှမ်းမှုရှိနေသော ဧရိယာ ဖြစ်ပါ၍ အပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းမပြုရန် နှင့် ခုတ်ထွင်ရှင်းလင်းရန် လိုအပ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ကြိုတင်ခွင့်ပြုချက် တင်ပြတောင်းခံရန် လိုအပ်မည်ဖြစ်ပါသည်။

၃။ ထို့အတူ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှု အုပ်စုလီမိတက် (National Prosperity Gold Production Group Limited)မှ တင်ပြလာသည့်ပတ်ဝန်းကျင်

နှင့်လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာနှင့်ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်-

(က) ပတ်ဝန်းကျင် နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာတွင် အစီရင်ခံစာ အကျဉ်းချုပ်အား ပထမ ထည့်သွင်းဖော်ပြရန်၊

(ခ) အသုံးပြုသည့် ဆိုင်ယာနိုက်အပါအဝင် ဓာတုပစ္စည်းများအားလုံး ဝယ်ယူမှု၊ သယ်ယူ ပို့ဆောင်မှု ၊ သိုလှောင်ထားရှိမှု ၊ အသုံးပြုမှုဆိုင်ရာ အချက်အလက်များကို စာရင်းကောက်ယူ မှတ်တမ်းထားရှိပြီး အပြည်ပြည်ဆိုင်ရာ ဆိုင်ယာနိုက် စီမံခန့်ခွဲမှု ကျင့်ထုံး (International Cyanide Management Code) နှင့် အညီ ဆောင်ရွက်သွားရန်၊

(ဂ) ရွှေတူးဖော် သန့်စင်ခြင်းလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်၊

(ဃ) ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်မှုများအား လျော့နည်းစေရန် ဆောင်ရွက်မည့် အစီအမံများအား အစီရင်ခံစာအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(င) အလားတူ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အစီအမံများကိုလည်း အစီရင်ခံစာ အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(စ) ရေလျှံခြင်း၊ မြေပြိုခြင်းများ အတွက် အရေးပေါ်ကာကွယ်ရေးအစီအစဉ်များကို အစီရင်ခံစာအတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဆ) ပတ်ဝန်းကျင် နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါ အချက်အလက်များအား စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သူ သို့မဟုတ် စီမံကိန်း ပိုင်ရှင်မှ လိုက်နာမည်ဖြစ်ကြောင်း ကတိကဝတ်ကို အစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြရန်၊

(ဇ) စီမံကိန်းအတွက် အသုံးပြုမည့် စံချိန်စံညွှန်းများ နှင့် ပတ်သက်၍ သက်ဆိုင်ရာ အမျိုးသား စံချိန်စံညွှန်းများ ထုတ်ပြန်မသတ်မှတ်ရသေးမီကာလအတွင်း အစီရင်ခံစာပါအပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု စံချိန်စံညွှန်းများအား အသုံးပြုရန် နှင့် အမျိုးသား စံချိန်စံညွှန်းများ သတ်မှတ်ပြီးပါက အဆိုပါ သတ်မှတ် စံချိန်စံညွှန်း အတိုင်း အသုံးပြုဆောင်ရွက်သွားရန်၊

(ဈ) စီမံကိန်း အကောင်အထည် ဖော်သည့်အခါ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် စောင့်ကြပ်ကြည့်ရှု လေ့လာခြင်းဆိုင်ရာ ဆောင်ရွက်မှု အစီရင်ခံစာများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရန်၊

(ည) ဒေသခံ ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးဆိုင်ရာ ပူးပေါင်း တာဝန်ယူမှု (Corporate Social Responsibility) ကို အစီရင်ခံစာ အတိုင်း လိုက်နာဆောင်ရွက်သွားရန်၊


အမျိုးသားကြီးပွါးတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှု အုပ်စု လီမိတက်

၏

အဆိုပြုချက်

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

NATIONAL PROSPERITY GOLD PRODUCTION GROUP LIMITED



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ဝန်ကြီးရုံး
နေပြည်တော်

စာအမှတ်၊ ၃၀ ခွဲ (၂) ၁၅ (၁၅၉ ၁)
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်၏ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ရွှေစင်တောင်၊ ထုံးကြီးတောင်၊ မိုးထိမိုးမိဒေသရှိ ရွှေသတ္တုအကြီးစား လုပ်ကွက်(A)အား ခွင့်ပြုမိန့်ရရှိနိုင်ရန် တင်ပြခြင်းကိစ္စ**

ရည် ညွှန်း ချက် ။
(၁) သတ္တုတွင်းဝန်ကြီးဌာန၏ ၂.၁၀.၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၁၅ ခွဲ (၂) ၁၂ (၇၈၈၉)
(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁.၇.၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ရက-၆(က) / မ-၁၂၆၅ / ၂၀၁၃ (၇၅၇၇-က)
(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၄.၈.၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ရက-၆(က) / မ-၁၂၆၅ / ၂၀၁၃ (၉၅၆၀-က)
(၄) သတ္တုတွင်းဝန်ကြီးဌာန၏ ၃၀.၈.၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၅ ခွဲ (၂) ၁၃ (၇၀၈၇)
(၅) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀.၉.၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ရက-၆(က) / မ-၁၂၆၅ / ၂၀၁၃ (၁၆၈၆၉)

၁။ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ရွှေစင်တောင်၊ ထုံးကြီးတောင်၊ မိုးထိမိုးမိဒေသရှိ ရွှေသတ္တုအကြီးစား လုပ်ကွက်(A)အား ရွှေစင်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရည်ညွှန်း(၁)ပါ စာဖြင့် တင်ပြခဲ့ရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်း (၂) (၃) ပါစာများဖြင့် သတ္တုတွင်းဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြ၍ ဆုံးဖြတ်ချက် ရယူပြီးမှ ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြဆောင်ရွက်ရန် အကြောင်းပြန်ကြားခဲ့ပါသည်။

၂။ အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်သို့ အထက်အပိုဒ်(၁)ပါ လုပ်ကွက်တွင် ရွှေစင်သတ္တု ထုတ်လုပ်ခွင့်ပြုခဲ့ခြင်းအား ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂၆/၂၀၁၁)

ကြိမ်မြောက်အရ မှတ်တမ်းတင် သဘောတူပြီးဖြစ်ပါကြောင်းကို ဤဝန်ကြီးဌာနမှ ရည်ညွှန်း(၄)ပါ စာဖြင့် ပြန်လည်တင်ပြခဲ့မှုအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်း(၅)ပါစာဖြင့် **ကော်မရှင် အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြခွင့်ပြုချက်ရယူပြီး အချက်အလက်ပြည့်စုံမှသာကော်မရှင်သို့ ပြန်လည်တင်ပြပါရန်** အကြောင်းကြားလာပါသည်။

၃။ အဆိုပါကိစ္စနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနနှင့် ရွှေသတ္တုအကြီးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း သဘောတူစာချုပ်ချုပ်ဆိုထားသောအမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စု၊ ရွှေမိုးယံကုမ္ပဏီလီမိတက်နှင့် အာရှကမ္ဘာမြေစက်မှုလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းလီမိတက်တို့၏ လုပ်ကွက်များအား စာချုပ်သက်တမ်း (၂၅)နှစ်သို့ တိုးမြှင့်ပြီး ပုတ်ပြတ်စနစ် (၅)နှစ်အစား ထူထောင်မှုကာလ(၃)နှစ် ထုတ်လုပ်မှုကာလ(၅)နှစ် စုစုပေါင်း (၈)နှစ် ပြင်ဆင်သတ်မှတ်ပေးရန်၊ ကျန်(၁၇)နှစ်အား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် နှင့် စာချုပ်အရ ပေးသွင်းရမည့် ရွှေစင်ပမာဏပြောင်းလဲမှုမရှိဘဲ လစဉ်ပေးသွင်းမည့် လျာထားချက် ပြန်လည်ပြင်ဆင်၍ စာချုပ်ချုပ်ဆိုခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၁၅.၁၂.၂၀၁၄)ရက်စွဲပါစာအမှတ်၊ ၁၇၅၃/၂၁၈(စီးပွားရေး)/အဖရ(၂၀၁၄) ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြဆောင်ရွက်ရန် အကြောင်းကြားခဲ့ပါသည်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ (၁.၁.၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၏ (၁/၂၀၁၅)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ **"အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စု၊ ရွှေမိုးယံကုမ္ပဏီ လီမိတက်နှင့် အာရှကမ္ဘာမြေစက်မှုလုပ်ငန်းနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းလီမိတက်တို့မှ ပထမအကြိမ် ပြင်ဆင်ချုပ်ဆိုသည့် စာချုပ်ပါ ပေးသွင်းရမည့် ရွှေစင်ပမာဏနှင့် ပေးသွင်းရန်ကာလ ပြောင်းလဲမှုမရှိဘဲ လစဉ်ပေးသွင်းရမည့် လျာထားချက်အား ထပ်မံ ပြင်ဆင်သည့် စာချုပ်တို့အား ချုပ်ဆိုပြီးစီးမှုများကို မှတ်တမ်းတင်ရန် တင်ပြခြင်းကို သဘောတူကြောင်း"** ဆုံးဖြတ်ခဲ့ပါသည်။


၅။ သို့ဖြစ်ပါ၍ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ရွှေစင်တောင်၊ ထုံးကြီးတောင်၊ မိုးထိမိုးမိဒေသရှိ ရွှေသတ္တုအကြီးစား လုပ်ကွက်(A)တွင် ပုတ်ပြတ်စနစ် (၈)နှစ်၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် (၁၇)နှစ် ၊ စုစုပေါင်း (၂၅)နှစ် ဖြင့် ရွှေစင်သတ္တုထုတ်လုပ်ခြင်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ရရှိရေး ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

10/2/15

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
သတ္တုတွင်းဝန်ကြီးဌာန
(မင်းမင်းဦး၊ ရုံးအဖွဲ့မှူး)

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

ဝန် ကြီး ရုံး

နေပြည်တော်

စာအမှတ် ၆ - ရုံးအဖွဲ့ ၁၅ (၁၆၁၅)

ရက်စွဲ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်

သို့

ဦးဆောင်ညွှန်ကြားရေးမှူး

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

အကြောင်းအရာ။ **ပေးသွင်းရမည့် ရွှေစင်ပမာဏ ပြောင်းလဲမှုမရှိဘဲ လစဉ်ရွှေပေးသွင်းရေး စီမံချက်ကိုသာ ပြောင်းလဲပြင်ဆင် ချုပ်ဆိုသည့် သဘောတူစာချုပ် ချုပ်ဆိုပြီးစီးမှုအား မှတ်တမ်းတင်ပေးပါရန် တင်ပြခြင်းကိစ္စ**

၁။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၏ (၁/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်-

"အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်၊ ရွှေမိုးယံကုမ္ပဏီလီမိတက်၊ အာရှကမ္ဘာမြေစက်မှုလုပ်ငန်းနှင့်သတ္တုတူးဖော်ရေးလုပ်ငန်းကုမ္ပဏီလီမိတက်တို့မှ ပထမအကြိမ် ပြင်ဆင်ချုပ်ဆိုသည့် စာချုပ်ပါ ပေးသွင်းရမည့် ရွှေစင်ပမာဏနှင့် ပေးသွင်းရန် ကာလပြောင်းလဲမှု မရှိဘဲ လစဉ်ပေးသွင်းရမည့် လျာထားချက်အား ထပ်မံပြင်ဆင်သည့် စာချုပ်တို့အား ချုပ်ဆိုပြီးစီးမှုများကို မှတ်တမ်းတင်ရန် တင်ပြခြင်းကို သဘောတူကြောင်း"

၂။ သို့ပါ၍ အထက်ပါ ဆုံးဖြတ်ချက်အရ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

သတ္တုတွင်းဝန်ကြီးဌာန

(မင်းမင်းဦး၊ ရုံးအဖွဲ့မှူး)

D:\Cabinet reply.doc

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၈ - ၁၅၂ /နပတ(၇၆၉)

ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်

အကြောင်းအရာ။ **ပြင်ဆင်ချက် သဘောတူစာချုပ် (မူကြမ်း) များ အပေါ်သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ၂၆-၈-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၃၃၂၇ / ရွှေဖက်စပ် (ရနခ) / ၂၀၁၄

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသည် ရွှေသတ္တုအကြီးစား ထုတ်လုပ်ရန်အတွက် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်နှင့် အကြီးစားရွှေလုပ်ကွက်(A)၊ ရွှေမိုးယံကုမ္ပဏီလီမိတက်နှင့် အကြီးစားရွှေလုပ်ကွက်(B)၊ အာရှကမ္ဘာမြေစက်မှုလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းကုမ္ပဏီနှင့် အကြီးစားရွှေလုပ်ကွက်(D)တို့တွင် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသောစနစ်ဖြင့် ဆောင်ရွက်ရန်ချုပ်ဆိုထားသော စာချုပ်များအပေါ် စုစုပေါင်းပေးသွင်းရမည့် ရွှေစင်ပမာဏနှင့် ကာလအားပြောင်းလဲမှုမရှိဘဲ လစဉ်ပေးသွင်းရမည့် ရွှေပေးသွင်းရေးလျာထားချက်ကို ပြောင်းလဲလိုသောကြောင့် ပြင်ဆင်ချက်စာချုပ် (မူကြမ်း) အပေါ် သဘောထားမှတ်ချက်ပေးပါနိုင်ပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသော ကိစ္စ ပါသည်။

၂။ ပေးပို့လာသောပြင်ဆင်ချက်စာချုပ်(မူကြမ်း)များမှာလုပ်ကွက်တည်နေရာနှင့် ကုမ္ပဏီများကွဲပြားခြားနားသော်လည်း စာချုပ်ပုံစံတစ်မျိုးတည်းရေးသားပြုစုထားသဖြင့် တစ်ပေါင်းတည်း

ဥပဒေရှု့ထောင့်မှ လေ့လာစိစစ်၍ အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည် -

(က) ပြင်ဆင်ချက်စာချုပ်(မူကြမ်း)များ ခေါင်းစဉ်တွင် "ထပ်မံပြင်ဆင်ချက်သဘောတူစာချုပ်"ဟုဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ယခင် ပြင်ဆင်ချက်စာချုပ် ချုပ်ဆိုပြီးဖြစ်၍ ပိုမိုရှင်းလင်းမှုရှိစေရန် ယခုပြင်ဆင်ချက်စာချုပ်များအား "ဒုတိယအကြိမ်ပြင်ဆင်ချက်သဘောတူစာချုပ်" ဟု ပြင်ဆင်ပေးလိုက်ပါသည်၊

(ခ) ပြင်ဆင်ချက်စာချုပ်(မူကြမ်း) များ အပိုဒ် ၂ တွင် ပြင်ဆင်ချက်သဘောတူစာချုပ်၏အပိုဒ် ၆(ခ) အား ပယ်ဖျက်၍ အစာထိုးဖြည့်စွက်ကြောင်းဖော်ပြထားပါသည်။ ယခင် ပြင်ဆင်ချက်စာချုပ်၏ အပိုဒ် ၆(ခ) သည် မူလစာချုပ်၏အပိုဒ် ၁၀-၁ ၏ အပိုဒ်ခွဲ(ခ)ကို ပြင်ဆင်ခြင်းဖြစ်သောကြောင့် ပြင်ဆင်ချက်သဘောတူစာချုပ်အစား မူလစာချုပ်ဟုပြောင်းလဲ၍ အပိုဒ်ကိုလည်း မူလစာချုပ်အပိုဒ်ကို မင်နီဖြင့် ပြင်ဆင်ပေးလိုက်လိုက်ပါသည်။ ဌာနမှပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(ဂ) ပြင်ဆင်ချက်စာချုပ်(မူကြမ်း) များ သည် ၁-၄-၂၀၁၄ နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်းဖော်ပြပါရှိ၍ နောက်ကြောင်းပြန်၍အကျိုးသက်ရောက်နေသဖြင့် ဌာနမှ သတိပြုစိစစ်သင့်ပါသည်။

(ဃ) ပြင်ဆင်ချက်စာချုပ်(မူကြမ်း)များ အပိုဒ် ၂ အရ ပူးတွဲထားသော ဇယားနှင့် စပ်လျဉ်း၍ မူလစာချုပ်တွင်ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဖြစ်သဖြင့် နောက်ဆက်တွဲအမှတ်စဉ်ဖြင့် ၊ မှန်ကန်တိကျစွာထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်၊

(င) လိုအပ်သောနေရာများတွင် မင်နီဖြင့်ပြင်ဆင်ပေးလိုက်ပါသည်။

၅။ ပြင်ဆင်ချက်စာချုပ်(မူကြမ်း)များကိုပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေ အကြံဉာဏ်ပေးခြင်း ဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့်ယင်းကိစ္စရပ် များနှင့်စပ်လျဉ်း၍သက်ဆိုင်ရာကျွမ်းကျင်သူများနှင့်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၆။ စာချုပ်(မူကြမ်း) များကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံး သို့ မိတ္တူ(၃)စောင်စီပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။


၇။ ဤ အကြံပြုချက်ကို လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

(signature) ၁၀/၉/၂၀၁၄

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မေသီလင်း ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

မိတ္တူ - ရုံးလက်ခံ
- မျှောစာတွဲ



မန္တလေးတိုင်းဒေသကြီး
ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရမည်းသင်းမြို့

"ထောက်ခံချက်"

ရမည်းသင်းခရိုင်၊ရမည်းသင်းမြို့နယ်၊ဝါးဖြူတောင်ကျေးရွာအုပ်စု၊ မိုးထိမိုးမိဒေသ
တွင် အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်အနေဖြင့် လုပ်ကွက်
အမှတ်(A)အား နိုင်ငံတော်သို့ ရွှေစင်(၅.၅၇၇)တန်ပေးသွင်း၍ အကြီးစားရွှေတူးဖော်ထုတ်လုပ်
လုပ်ကိုင်ခွင့်ကို (၁၆-၉-၂၀၁၁)ရက်နေ့မှစ၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအထိ ထုတ်လုပ်ခွင့်
ရရှိရာ လုပ်ကွက်ဧရိယာအတွင်း အသေးစားထုတ်လုပ်ခွင့် လုပ်ကိုင်လိုသူများ၏ ဆန္ဒဖော်ထုတ်မှု
များအား ရှင်းလင်းခဲ့ရာ(၁-၃-၂၀၁၃)ရက်နေ့တွင် အားလုံးပြေလည်သည်အထိ ရှင်းလင်း ပေးခဲ့
ပြီးဖြစ်ပါကြောင်းနှင့် ယခုလက်ရှိအခြေအနေတွင် ကုမ္ပဏီအနေဖြင့် လုပ်ကွက်ဧရိယာအတွင်း
မည်သည့်အလုပ်သမားကိစ္စများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များ၊ နယ်မြေလုံခြုံရေးကိစ္စ
ရပ်များ ပြဿနာတစ်စုံတစ်ရာမရှိဘဲ အေးချမ်းစွာ အလုပ်လုပ်ကိုင်လျက်ရှိပါကြောင်း ထောက်ခံ
အပ်ပါသည်။

30/1/2015

ခရိုင်အုပ်ချုပ်ရေးမှူး
(အောင်မြင့်စိုး၊ ပ/၅၃၆၅)


ရက် စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

ဝန် ကြီး ရုံး

နေပြည်တော်



စာအမှတ်၊ ၁၅ ခွဲ (၂) ၁၂ (၇၈၈၉)

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်၏ မိုးထိမိုးမိဒေသရှိ ရွှေသတ္တု အကြီးစားလုပ်ကွက်(A)အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါရန် တင်ပြခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အိုင်ဗင်ဟိုးကုမ္ပဏီလီမိတက်၏ ရွှေနှင့်ကြေးနီသတ္တု စမ်းသပ်ဧရိယာစုစုပေါင်း (၄၁.၂၆)စတုရန်းမိုင်အနက် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်း မြို့နယ်၊ မိုးထိမိုးမိဒေသရှိ (၃၀.၇၅) စတုရန်းမိုင်အား ၂၀၀၆ ခုနှစ်မှ စတင်၍ နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်မြင့် ပုဒ်မ ၁၄၄ အမိန့် ထုတ်ပြန်ကာ ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

၂။ အိုင်ဗင်ဟိုးကုမ္ပဏီလီမိတက်၏ ဧရိယာ ရွှေသတ္တုဖြစ်ထွန်းရာနယ်မြေ (၄၁.၂၆)စတုရန်းမိုင်အနက်မှ ရွှေသတ္တုသိုက် (Gold District)ဟူ၍ သတ်မှတ်ထားသော မိုးထိမိုးမိဒေသ ရွှေစင်တောင်၊ ထုံးကြီးတောင်ဒေသ (၉.၅၄)စတုရန်းမိုင် (၂၄.၇၁ စတုရန်းကီလိုမီတာ၊ ၆၁၀၅ ဧက)အား နိုင်ငံတော်သမ္မတထံတင်ပြ၍ ပြည်တွင်း နိုင်ငံသားများအား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြင့် ရွှေထုတ်လုပ်နိုင်ရန် နေ့စဥ်ထုတ်သတင်းစာများတွင် (၃.၉.၂၀၁၁)ရက်နေ့မှ (၁၀.၉.၂၀၁၁)ရက်နေ့အထိ တင်ဒါခေါ်ယူခဲ့ပါသည်။

၃။ ယင်းသို့ တင်ဒါခေါ်ယူရာတွင် တင်ဒါတင်သွင်းသည့် ကုမ္ပဏီ(၁၆)ခုအနက် အမျိုးသားကြီးပွားတိုးတက် ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်သည် နိုင်ငံတော်သို့ခွဲဝေပေးနိုင်သည့် ရွှေစင်(၅.၅၇၇)မက်ထရစ်တန် ဖြင့်အများဆုံးပေးသွင်း၍ တင်ဒါအောင်မြင်ခဲ့ပါသည်။ အဆင့်လိုက်တင်ဒါ အောင်မြင်သူများ စာရင်းအားတင်ပြ ခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၂၇.၉.၂၀၁၁)ရက်စွဲပါ စာအမှတ်၊ ၃၈၇/၃၁၈-ရွှေသတ္တု (၄၆)/အဖရ (၂၀၁၁) ဖြင့် နိုင်ငံတော်သမ္မတက **"အများဆုံးပေးနိုင်သူများအားပေးရန်"** လမ်းညွှန်ခဲ့ပါသည်။

၄။ တင်ဒါအောင်မြင်သူများအနက် အများဆုံးတင်သွင်းခဲ့သည့် အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော် ထုတ်လုပ်မှုအုပ်စုလီမိတက်သို့ အဆိုပါဒေသတွင် ရွှေသတ္တုထုတ်လုပ်ခွင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ခြင်းအား တင်ပြခဲ့ခြင်းအပေါ် (၂၀.၁၀.၂၀၁၁)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၂၆/၂၀၁၁) ကြိမ်မြောက် အစည်းအဝေးမှ သဘောတူခွင့်ပြုခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်မှ ရွှေစင်(၅.၅၇၇) မက်ထရစ်တန်ပေးသွင်း၍ (၁၆.၉.၂၀၁၁)ရက်နေ့မှ (၁၅.၉.၂၀၁၆)ရက်နေ့ထိ (၅)နှစ်သက်တမ်းဖြင့် သတ္တုတွင်းဝန်ကြီးဌာနမှ ရွှေသတ္တုအကြီးစားထုတ်လုပ်ခွင့် ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီးဖြစ်ပါ၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအတိုင်း လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့်ရရှိရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေး လိုအပ်သလိုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
သတ္တုတွင်းဝန်ကြီးဌာန
(မင်းမင်းဦး၊ ရုံးအဖွဲ့မှူး)

မိတ္တူကို
ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၃၀၆–ဆညှ/ ခွဲ(၂)ရေး/ CPSWC/

သို့ ရက်စွဲ ၊ ၂၀၁၂ ခုနှစ် ၊ ဇွန် လ ရက်

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန

အကြောင်းအရာ။ **ဆက်သွယ်ရေးစက်ပစ္စည်းများ တင်သွင်းခွင့် ထောက်ခံချက် တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ (၁) သတ္တုတွင်းဝန်ကြီးဌာန ၏ ၂၈–၁၁–၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၆၄ ခွဲ (၃) ၁၁ (၆၆၀၆)

(၂) ကာကွယ်ရေးဝန်ကြီးဌာန ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ၏ ၄–၆–၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၀၂၈ / ၄၂ / ဆက်၅

၁။ အမှတ် (၂) သတ္တုတွင်းဝန်ကြီးဌာန နှင့် အကျိုးတူပူးပေါင်း၍ အမျိုးသား ကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက် သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ ရွှေသတ္တုအကြီးစား တူးဖေါ် ထုတ်လုပ်လျက်ရှိရာ ရွှေစင်တောင်၊ ထုံးကြီးတောင် စသည့် လုပ်ကွက်ဧရိယာ အကျယ်အဝန်း (၉.၅၄) စတုရန်းမိုင် အတွင်း လုံခြုံရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများအတွက် အသုံးပြုရန် Amateur Handheld Transceiver TYT TH-F8 30 Sets, 144 MHz FM Transceiver IC-2100 H (2 Sets), Antenna 30 Sets, တို့အား တင်သွင်းခွင့်ပြုရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ၈–၅–၂၀၁၂ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၁) ကြိမ်မြောက် ဆက်သွယ်ရေး မူဝါဒဆိုင်ရာ ကြီးကြပ်မှု လုပ်ငန်းကော်မတီ အစည်းအဝေးမှ သဘောတူ ခွင့်ပြုကြောင်း နှင့်အသုံးပြုလေလှိုင်းနှုန်းအား VHF Band အတွင်းသာအသုံးပြုရန် ဆုံးဖြတ်ချက်အား သိရှိဆောင်ရွက်နိုင်ရန် အကြောင်းကြားပါသည်။

၂။ ဤအကြောင်းကြားစာသည် အစည်းအဝေး ဆုံးဖြတ်ချက်ကို သိရှိရန် ပေးပို့ခြင်းသာ ဖြစ် ကြောင်း ထည့်သွင်း ဖော်ပြအပ်ပါသည်။

(ခင်မောင်သက်)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူ–

ဥက္ကဋ္ဌ၊ ဆက်သွယ်ရေးမူဝါဒဆိုင်ရာကြီးကြပ်မှုလုပ်ငန်းကော်မတီ
အမှုဆောင်အရာရှိချုပ်၊အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက် ၊အမှတ်(၁၀၆)
တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊
ရုံးလက်ခံ
မှတ်တမ်း



အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်

National Prosperity Gold Production Group Limited

No. (106), University Avenue Road, Kamaryut Township, Yangon, Myanmar.

Ph : + 95-1-526045, +95-1-534988, +95-1-532214 Fax : + 95-1-511783 E-mail : national.p.p.c@gmail.com

---

သို့/-

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီး။

ရက်စွဲ ။ ။ ၂၀၁၅ ခုနှစ်၊ ဩဂုတ် လ ( )ရက်။

အကြောင်းအရာ ။ ။ <u>သက်ဆိုင်ရာဝန်ကြီးဌာနများ၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြခြင်း။</u>

၁။ ကျွန်တော်များ "NATIONAL PROSPERITY GOLD PRODUCTION GROUP LTD" သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ ရွှေစင်တောင်၊ ထုံးကြီးတောင်ဒေသ မြေဧရိယာ-(၆၁၀၅)ကေရှိသော မြေကွက်ပေါ်တွင် ရွှေနှင့်အခြား သတ္တုများရှာဖွေတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြထားပါသည်။

၂။ ထိုသို့ အဆိုပြုတင်ပြထားရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ သတ္တုတွင်း ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြဌာန်းထားသည့် တည်ဆဲပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များအားလုံး နှင့်အညီ လိုက်နာဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

ဦးစိုးထွန်းရှိန်
ကမကထပြုသူ
အမျိုးသားကြီးပွါးတိုးတက်ရေးရွှေတူးဖော် ထုတ်လုပ်မှု အုပ်စုလီမိတက်
NATIONAL PROSPERITY GOLD PRODUCTION GROUP LTD



အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်
National Prosperity Gold Production Group Limited
No. (106), University Avenue Road, Kamaryut Township, Yangon, Myanmar.
Ph : + 95-1-526045, +95-1-534988, +95-1-532214 Fax : + 95-1-511783 E-mail : national.p.p.c@gmail.com

---

သို့/-

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီး။

ရက်စွဲ ။ ။ ၂၀၁၅ ခုနှစ်၊ ဩဂုတ် လ ( )ရက်။

အကြောင်းအရာ ။ ။ <u>မိုင်းပိတ်သိမ်းမှု အစီအစဉ်အားတင်ပြခြင်း။</u>

၁။ ကျွန်တော်များ "NATIONAL PROSPERITY GOLD PRODUCTION GROUP LTD" သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ ရွှေစင်တောင်၊ ထုံးကြီးတောင်ဒေသ မြေဧရိယာ-(၆၁၀၅)ဧကရှိသော မြေကွက်ပေါ်တွင် ရွှေနှင့်အခြား သတ္တုများရှာဖွေတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြထားပါသည်။

၂။ ထိုသို့ အဆိုပြုတင်ပြထားရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရ မိုင်းပိတ်သိမ်းမှုအစီအစဉ်တွင် ပိုမိုပြည့်စုံသည့် Mine Closure Plan အား အသေးစိတ်ရေးဆွဲဖော်ပြသွားမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

ဦးစိုးထွန်းရှိန်
ကမကထပြုသူ
အမျိုးသားကြီးပွါးတိုးတက်ရေးရွှေတူးဖော် ထုတ်လုပ်မှု အုပ်စုလီမိတက်
NATIONAL PROSPERITY GOLD PRODUCTION GROUP LTD



အမျိုးသားကြီးပွားတိုးတက်ရေးရွှေထူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်
National Prosperity Gold Production Group Limited
No. (106), University Avenue Road, Kamaryut Township, Yangon, Myanmar.
Ph : + 95-1-526045, +95-1-534988, +95-1-532214 Fax : + 95-1-511783 E-mail : national.p.p.c@gmail.com

---

သို့/-

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီး။

ရက်စွဲ ။ ။ ၂၀၁၅ ခုနှစ်၊ ဩဂုတ် လ ( )ရက်။

အကြောင်းအရာ ။ ။ ဒေသခံပြည်သူများနှင့် အကြံပြုချက်များ၊ ဆွေးနွေးပွဲရလဒ်များအား ထည့်သွင်းဖော်ပြမည် ဖြစ်ကြောင်းတင်ပြခြင်း။

၁။ ကျွန်တော်များ "NATIONAL PROSPERITY GOLD PRODUCTION GROUP LTD" သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ ရွှေစင်တောင်၊ ထုံးကြီးတောင်ဒေသ မြေဧရိယာ-(၆၁၀၅)ကေရှိသော မြေကွက်ပေါ်တွင် ရွှေနှင့်အခြား သတ္တုများရှာဖွေတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြထားပါသည်။

၂။ ထိုသို့ အဆိုပြုတင်ပြထားရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရ ပါဝင်ပတ်သက်သူများ၊ ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင်ရာတွင် ထိခိုက်ခံစားရနိုင်သည့် ဒေသခံပြည်သူများ မဖြစ်မနေပါဝင်စေရန်နှင့် ယင်းတို့၏ သဘောထားများ၊ အကြံပြုချက်များနှင့် ဆွေးနွေးပွဲရလဒ်များအား ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါကြောင်း ဝန်ခံကတိ ပြုပါသည်။

လေးစားစွာဖြင့်

ဦးစိုးထွန်းရှိန်
ကမကထပြုသူ
အမျိုးသားကြီးပွါးတိုးတက်ရေးရွှေတူးဖော် ထုတ်လုပ်မှု အုပ်စုလီမိတက်
NATIONAL PROSPERITY GOLD PRODUCTION GROUP LTD



အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်

National Prosperity Gold Production Group Limited

No. (106), University Avenue Road, Kamaryut Township, Yangon, Myanmar.

Ph : + 95-1-526045, +95-1-534988, +95-1-532214 Fax : + 95-1-511783 E-mail : national.p.p.c@gmail.com

---

သို့/-

ဥက္ကဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီး။

ရက်စွဲ ။ ။ ၂၀၁၅ ခုနှစ်၊ ဩဂုတ် လ (   )ရက်။

အကြောင်းအရာ ။ ။ <u>လူမှုရေးဆိုင်ရာပူးပေါင်း တာဝန်ယူမှု (Corporate Social Responsibility)ကို အစီရင်ခံစာအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်းတင်ပြခြင်း။</u>

၁၄။ မူလစာချုပ် အပိုင်း(၂၀)၏ အောက်တွင် အောက်ပါစာပိုဒ်များအား ထပ်မံဖြည့်စွက်ရမည်-

၂၀-၄။ သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးသည်နှင့် နှစ်ဦးနှစ်ဖက်မှ ပူးတွဲစီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းရမည်-

(က) ပူးတွဲစီမံခန့်ခွဲရေးကော်မတီတွင်အဖွဲ့ဝင်(၅)ဦးပါရှိရမည်ဖြစ်ပြီး၊ သတလ(၂)မှ (၃)ဦးနှင့် ကန်ထရိုက်တာမှ(၂)ဦး အဆိုပြုရမည်၊ ဥက္ကဋ္ဌတာဝန်ကို သတလ(၂)မှ ဆောင်ရွက်ရမည်၊ ဥက္ကဋ္ဌမှ ကော်မတီအတွင်းရေးမှူးတစ်ဦးဦးကို ခန့်ထားရမည်၊ လိုအပ်ပါက နှစ်ဦးနှစ်ဘက် သဘောတူညီမှုဖြင့် အဖွဲ့ဝင်အင်အားကို တိုးချဲ့ဖွဲ့စည်းနိုင်သည်၊

(ခ) ပူးတွဲစီမံခန့်ခွဲရေးကော်မတီတွင် အဖွဲ့ဝင်လစ်လပ်သွားလျှင် ၎င်းနေရာသို့ အဆိုပြုထားသည့် ဘက်မှအစားထိုးအဆိုပြုရမည်၊

(ဂ) ပုံမှန်အဖွဲ့ဝင်မှတက်ရောက်နိုင်ခြင်းမရှိက ကိုယ်စားတက်ရောက်နိုင်ရန်အတွက် အလှည့်ကျ ပူးတွဲစီမံခန့်ခွဲရေးကော်မတီဝင်(၁)ဦး သို့မဟုတ် ပူးတွဲစီမံခန့်ခွဲရေးကော်မတီဝင်များကို နှစ်ဦးနှစ်ဖက်မှ ခန့်အပ်ထားရှိရမည်၊

(ဃ) ပူးတွဲစီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်ခန့်အပ်မှုများအား တစ်ဖက်မှတစ်ဖက်သို့ အသိပေး အကြောင်းကြားရမည်၊

(င) ကော်မတီသည် နေပြည်တော် သို့မဟုတ် နှစ်ဖက်သဘောတူညီချက်ရရှိထားသော အခြား သင့်လျော်သည့်နေရာတွင် (၃)လတစ်ကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးရမည်၊

(စ) ဥက္ကဋ္ဌနှင့်ကော်မတီဝင်များအတွက် အခကြေးငွေများ သို့မဟုတ် အခြားစရိတ်များကို စီမံခန့်ခွဲရေးကော်မတီမှ သတ်မှတ်အဆိုပြု၍ နှစ်ဖက်အတည်ပြုပြီး ကန်ထရိုက်တာမှ ပေးချေရမည်၊

(ဆ) စီမံခန့်ခွဲရေးကော်မတီသည် ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုနှင့်ပတ်သက်သော လုပ်ငန်းစဉ် များ၊ ဘဏ္ဍာရေးကိစ္စများ၊ စီမံခန့်ခွဲရေးကိစ္စများ၊ နည်းပညာဆိုင်ရာကိစ္စများအပါအဝင် ဤသဘောတူစာချုပ်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို ဝန်ကြီးဌာနမှ ချမှတ်သည့်လုပ်ငန်းစဉ်များ အတိုင်း ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဇ) ပူးတွဲစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌမှ လိုအပ်ချက်အရ အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခံရသူများကိုလည်း အခြားကော်မတီအဖွဲ့ဝင်များကဲ့သို့ ပူးတွဲစီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးကို တက်ရောက်ခွင့်ရှိစေရမည်၊

၂၁-၅။ ပူးတွဲစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌသည် ဖက်စပ်ကုမ္ပဏီ၏ တရားဝင်ကိုယ်စားပြုသူဖြစ်သည်။ ဥက္ကဋ္ဌသည် အကြောင်းတစ်ခုခုကြောင့် ၎င်း၏တာဝန်ဝတ္တရားများအား မဆောင်ရွက်နိုင်ပါက ၎င်း၏ ကိုယ်စားဆောင်ရွက်မည့်ပူးတွဲစီမံခန့်ခွဲရေးကော်မတီဝင်တစ်ဦးအားတာဝန်ပေးရမည်။ အဖွဲ့အတွင်း မဲခွဲဆုံးဖြတ်ရန်များရှိ၍ မဲခွဲဆုံးဖြတ်ရာတွင် တစ်ဖက်နှင့်တစ်ဖက် မဲတူညီနေပါကဥက္ကဋ္ဌ၏ အဆုံးအဖြတ်သည် အတည်ဖြစ်သည်။

၂၁-၆။ ကော်မတီအဖွဲ့သည်ကန်ထရိုက်တာ၏မူ၊ ဦးတည်ချက်၊ လုပ်ထုံးလုပ်နည်းများနှင့် နည်းစနစ်များအား ဆုံးဖြတ်ရမည်ဖြစ်ပြီး၊ အောက်ပါအချက်များနှင့်ပတ်သက်သော အဓိကဆုံးဖြတ်ချက်များအပေါ် တာဝန်ရှိစေရမည်-

(က) ကန်ထရိုက်တာ၏နှစ်စဉ်၊ လစဉ်လုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းအသုံးစရိတ်များအား အတည်ပြုခြင်း၊

(ခ) ကန်ထရိုက်တာမှတင်ပြသည့် ထုတ်လုပ်မှုစီမံချက်များ၊ နှစ်ပတ်လည်အစီရင်ခံစာများနှင့် ရှေ့လုပ်ငန်းမျှော်မှန်းချက်များစသည့် အစီရင်ခံစာများအားအတည်ပြုခြင်း၊

(ဂ) ထုတ်လုပ်မှုများ၊ တန်ဖိုးတွက်ချက်မှုများ၊ ခွဲဝေမှုများအားအတည်ပြုခြင်း၊

(ဃ) ဖြစ်ပေါ်လာသည့် အခက်အခဲပြဿနာများအား ညှိနှိုင်းဆွေးနွေးခြင်း၊

၁၅။ မူလစာချုပ် အပိုင်း(၂၂)အား ပယ်ဖျက်၍ အောက်ပါအတိုင်း အစားထိုးရမည်-

အပိုင်း(၂၂)

လုံခြုံမှုအာမခံစပေါ်ငွေ

၂၂-၁။ ကန်ထရိုက်တာသည် ဤစာချုပ်လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း(၃၀)အတွင်း လုံခြုံမှုအာမခံစပေါ်ငွေ (Security Deposit)အဖြစ် ကျပ် ၁၀,၀၀၀,၀၀,၀၀၀/- (ကျပ်သန်းတစ်ထောင်တိတိ)ကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ စာရင်းရှင်ငွေစာရင်းတွင်စာချုပ်သက်တမ်း တိုးမြှင့်သည့်ကာလအထိ (သို့မဟုတ်) ကန်ထရိုက်တာမှ စာချုပ်ပါတာဝန်ဝတ္တရားများအားလုံးဆောင်ရွက်ပြီးစီးသည့်အထိ စာချုပ်သက်တမ်းတစ်လျှောက် ထားရှိရမည်။

၂၂-၂။ ဤစာချုပ်ပါသဘောတူညီချက်များအတိုင်း ဆောင်ရွက်ရန် ကန်ထရိုက်တာမှ ပျက်ကွက်ခဲ့လျှင် အပိုဒ်(၂၃)ပါအတိုင်း စာချုပ်ကိုရပ်စဲ၍ သတလ(၂)မှ လုံခြုံမှုအာမခံစပေါ်ငွေကို စည်းကမ်းချက်တစ်စုံတစ်ရာမရှိဘဲ မည်သည့်တရားရုံးသို့မျှ သွားရန်မလိုအပ်ဘဲ သိမ်းယူနိုင်သည်။ စာချုပ်သက်တမ်းကုန်ဆုံးလျှင်သော်လည်းကောင်း၊ ကန်ထရိုက်တာ၏အပြစ်ကြောင့် မဟုတ်ဘဲ တစ်စုံတစ်ရာသောအကြောင်းကြောင့် နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်းလျှင်သော်လည်းကောင်း၊ သတလ(၂)သည် ကန်ထရိုက်တာမှ ပေးရန်ကျန်ရှိသော ကြွေးမြီများကို နှုတ်ယူ၍ ကျန်သည့် လုံခြုံမှုအာမခံစပေါ်ငွေကို ကန်ထရိုက်တာသို့ ပြန်ပေးရမည်။

၂၂-၃။ လုံခြုံမှုအာမခံစပေါ်ငွေသည် စာချုပ်သက်တမ်းတလျှောက် ထားရှိသွားရမည်ဖြစ်ပြီး လစဉ် လတစ်လ၏နောက်ဆုံးပတ်တွင် သတ်မှတ်ရွှေစင်မပေးသွင်းနိုင်မှုအပေါ် လုံခြုံမှုအာမခံစပေါ်ငွေမှ နှုတ်ယူခြင်းအား ဌာနမှ Check List ဖြင့် လစဉ်စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်သည်။ လျော့နည်းသွားသော လုံခြုံမှုအာမခံစပေါ်ငွေကို ကန်ထရိုက်တာမှ သတလ(၂)သို့ သတ်မှတ်သည့်ရက်အတွင်း ပေးသွင်းရမည်။

၁၆။ မူလစာချုပ် အပိုင်း(၂၅)မှ စာပိုဒ် ၂၅-၁ အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

၂၅-၁။ ကန်ထရိုက်တာသည် ဤစာချုပ်ပါလုပ်ငန်းနှင့်ပတ်သက်သည့် မှတ်တမ်းများ၊ ငွေစာရင်းများစသည်တို့ကို မြန်မာနိုင်ငံစာရင်းအင်းကောင်စီမှ ထုတ်ပြန်ထားသည့် နည်းများအရ စာရင်းများ ထိန်းသိမ်းထားရှိရန် တာဝန်ရှိသည်။ စာရင်းဇယားများကို မြန်မာဘာသာဖြင့်ထားရှိရမည်။ ကန်ထရိုက်တာ၏ နှစ်ချုပ်စာရင်းများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး (၃)လအတွင်း သတလ(၂)သို့ တင်ပြရမည်။

၁၇။ မူလစာချုပ် အပိုင်း(၂၉)၊ အထွေထွေခေါင်းစဉ်အောက်ရှိ အပိုဒ် ၂၉-၁ အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

၂၉-၁။ စာချုပ်သက်တမ်းကုန်ဆုံးလျှင်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် လုပ်ငန်းရပ်စဲ၍ စာချုပ်ဖျက်သိမ်းလျှင်သော်လည်းကောင်း၊ ရွှေသတ္တုထုတ်လုပ်ရန်ခွင့်ပြုမိန့်အား သတလ (၂)မှတဆင့် သတ္တုတွင်းဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရမည်။ အကယ်၍သတလ(၂)မှ ခွင့်ပြုမိန့် ပြန်လည်အပ်နှံရန် အကြောင်းကြားသော်လည်း ထုတ်ပေးထားသည့် ခွင့်ပြုမိန့်အား ပြန်လည်အပ်နှံရန်ပျက်ကွက်ပါက ကုမ္ပဏီအား သတ္တုတွင်းဝန်ကြီးဌာန၏ မည်သည့်လုပ်ငန်းကိုမှ လုပ်ကိုင်ခြင်း ခွင့်မပြုသည့် ပြစ်ဒဏ်ခံရမည်။

၁၈။ မူလစာချုပ် အပိုင်း(၃၁)အဖြစ် အောက်ပါအပိုင်း၊ ခေါင်းစဉ်နှင့် စာပိုဒ်များကို ထပ်မံဖြည့်စွက်ရမည်-

အပိုင်း (၃၁)

သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ချက်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်၊ လူမှုပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာလေ့လာဆန်းစစ်ချက်နှင့် လူမှုပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်

သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ချက်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်

ကန်ထရိုက်တာသည်-

၃၁-၁။ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ချက်အစီရင်ခံစာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ လက်ခံကျင့်သုံးသည့်စံချိန်စံညွှန်းများနှင့် အညီ တိုးကြောင်းဆီလျော်သည့် ကာလတစ်ခုအတွင်း ပြီးပြည့်စုံအောင် ပြန်လည်၍ အသစ်ရေးဆွဲပြုစုရမည်။

၃၁-၂။ စီမံကိန်းဧရိယာနှင့်ပတ်ဝန်းကျင်ဧရိယာများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တာဝန်ယူရမည်၊ ရွှေသတ္တုတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကြောင့် ဖြစ်ပေါ်လာသည့် မြေသုံးစွဲမှုပြဿနာ၊ လူမှုစီးပွားရေးဆိုင်ရာပြဿနာ၊ ဇေဟဗေဒနှင့်ဆိုင်ရာပြဿနာ၊ လေထုညစ်ညမ်းမှုနှင့် အသံဆူညံမှု၊ တုန်ခါမှု၊ ရှခင်းရှုကွက်ကိုထိခိုက်ပျက်ယွင်းစေသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဆက်စပ်ပတ်သက်သည့် အကြောင်းချင်းရာကို ကန်ထရိုက်တာမှ စီမံထိန်းသိမ်းဆောင်ရွက်ရမည်။

၃၁-၃။ ပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ချက်သည် စွန့်စားရမှုကင်းသည့်"မူ"ကို အခြေခံ၍ စီမံကိန်း သက်တမ်းပြည့်မီအောင်ဖြစ်စေရန်အတွက် ထိရောက်မှုရှိသောပုံစံဖြင့် ဆောင်ရွက်ပေးရမည်။ သဘာဝပတ်ဝန်းကျင် လေ့လာဆန်းစစ်ချက်လုပ်ငန်းစဉ်များကို ကျင့်သုံး၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရှင်းလင်းတိကျစွာ ရေးဆွဲသတ်မှတ်ထားရှိရမည်။

၃၁-၄။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက် (EMP)တွင်အောက်ပါလုပ်ငန်းစဥ်များပါဝင်မည် -

(က) အမှုန်အမွှားထိန်းသိမ်းရေးလုပ်ငန်းစဥ်

(ခ) အသံဆူညံမှုထိန်းသိမ်းရေးလုပ်ငန်းစဥ်

(ဂ) လုပ်ငန်းသုံးရေနှင့်စွန့်ပစ်ရေထိန်းသိမ်းရေးလုပ်ငန်းစဥ်

(ဃ) တိုက်စားမှုနှင့်အနည်ထိုင်စုပုံမှုများထိန်းသိမ်းရေးလုပ်ငန်းစဥ်

(င) စွန့်ပစ်ကျောက်များထိန်းသိမ်းရေးလုပ်ငန်းစဥ်

(စ) ဘေးဖြစ်စေတတ်သောပစ္စည်းများထိန်းသိမ်းရေးလုပ်ငန်းစဥ်

(ဆ) အထွေထွေစွန့်ပစ်ပစ္စည်းများထိန်းသိမ်းရေးလုပ်ငန်စဥ်

(ဇ) လုပ်ကွက်မြေနေရာအားပြန်လည်ထူထောင်ရေးလုပ်ငန်းစဥ်

(ဈ) သတ္တုတွင်းအားပြန်လည်အပ်နှံရေးနှင့်သတ္တုတွင်းပိတ်သိမ်းရေးလုပ်ငန်းစဥ်

၃၁-၅။ လုပ်ကွက်မြေနေရာပြန်လည်ထူထောင်ရေး၊ သတ္တုတွင်းပြန်လည်အပ်နှံရေးနှင့် သတ္တုတွင်းပိတ်သိမ်းရေးလုပ်ငန်းစဥ်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်အစိတ်အပိုင်းဖြစ်ပြီး၊ ၎င်းတွင်ပိတ်သိမ်းမှုလုပ်ငန်းအားလုံး၏ အသေးစိတ်နည်းစနစ်များပါဝင်သည်။ ကန်ထရိုက်တာအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုများပါဝင်သော သတ္တုတွင်းပိတ်သိမ်းမှုဆိုင်ရာ လုပ်ငန်းအစီအစဥ်အား သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြရမည်။ စီးပွားဖြစ်ထုတ်လုပ်မှုကာလတစ်လျှောက်လုံးတွင် မြေယာပြန်လည်ဖော်ထုတ်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် နှစ်စဥ်ထည့်ဝင်မည့် ရံပုံငွေအား ညှိနှိုင်းသတ်မှတ်၍ ကန်ထရိုက်တာမှ ထည့်ဝင်သွားရမည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဥ်၏ အစိတ်အပိုင်းဖြစ်သောလုပ်ကွက်မြေနေရာပြန်လည်ထူထောင်ခြင်း၊ သတ္တုတွင်းပြန်လည်အပ်နှံခြင်းနှင့် သတ္တုတွင်းပိတ်သိမ်းခြင်းလုပ်ငန်းစဥ်များ အစရှိသည်တို့ ဆောင်ရွက်ရန်အတွက်သာ အဆိုပါရံပုံငွေကို သုံးစွဲသွားရန်ဖြစ်ပါသည်။

လူမှုပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ချက်(SIA)နှင့် လူမှုပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်

၃၁-၆။ ကန်ထရိုက်တာသည်စီမံကိန်း၏ စီးပွားဖြစ်ထုတ်လုပ်သည့်ကာလတစ်လျှောက်၌ ဒေသခံများနှင့် လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုများကို တာဝန်ယူရမည်ဖြစ်ပြီး၊ လူမှုပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက်(SIA)ကိုလေ့လာ၍ လုပ်ငန်းစီမံချက်ကို ရေးဆွဲထားရှိရမည်။ ဒေသခံများနှင့် လူမှုပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်များ၏ လုပ်ငန်းစဥ်များ၌ ထူထောင်မှု၊ တည်ဆောက်မှု၊ လုပ်ငန်းလည်ပတ်မှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ပြန်လည်အပ်နှံမှု၊ ရပ်စဲမှုလုပ်ငန်းစဥ်များ ရေးဆွဲဖော်ပြရမည်ဖြစ်ပြီး၊ အဆိုပါလုပ်ငန်းအစီအစဥ်များ၏ ခန့်မှန်းကုန်ကျစရိတ်များ၊ ဝန်ထမ်းများခန့်ထားပေးခြင်း၊ သင်တန်းပေးလေ့ကျင့်ခြင်းနှင့် ထိခိုက်သက်ရောက်မှုများကို လျှော့နည်းစေရေးအတွက် မရှိမဖြစ်လိုအပ်သော အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများပါဝင်ရမည်။

၃၁-၇။ ဒေသခံလူ့အဖွဲ့အစည်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များတွင် အောက်ဖော်ပြပါလုပ်ငန်းများ အကျုံးဝင်ပါရှိမည်ဖြစ်သည် -

(က) ပညာရေး လေ့ကျင့်သင်ကြားရေးနှင့် အလုပ်ခန့်ထားရေးအစီအစဉ်

(ခ) ရွှေ့ပြောင်းနေရာချထားရန် လိုအပ်လျှင် ပြောင်းရွှေ့နေရာချထားမှု စီမံခန့်ခွဲမှုလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်မည့်အစီအစဉ်

(ဂ) ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်

(ဃ) လျှပ်စစ်မီးရရှိရေးအစီအစဉ်

(င) မြေယာရှင်းထိန်းသိမ်းရေးအစီအစဉ်

၃၁-၈။ ကန်ထရိုက်တာသည် စီးပွားရေးအဖွဲ့အစည်း၏ လူမှုရေးတာဝန်ယူမှု (CSR)လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဒေသခံလူ့အဖွဲ့အစည်းနှင့် လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အတွက် ငွေကြေးနှင့်ထောက်ပံ့ခြင်း၊ တည်ဆောက်ရေးဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခြင်းနှင့် စီမံကိန်းမှရရှိသောအသားတင်အမြတ်၏ သတ်မှတ်ရာခိုင်နှုန်းအား CSR လုပ်ငန်းစဉ်လုပ်ဆောင်၍ ထည့်ဝင်သွားရန် သဘောတူညီကြပါသည်။

၁၉။ မူလစာချုပ် အပိုင်း(၃၁)၊ အစစ်အမှန်ဖြစ်ခြင်း အပိုင်းအား အပိုင်း(၃၂)အဖြစ် သတ်မှတ်ရမည်။

၂၀။ မူလစာချုပ်တွင် အပိုင်း(၃၃)၊ အထွေထွေဟူသော ခေါင်းစဉ်ဖြင့် အောက်ပါစာပိုဒ်များအား ထပ်မံဖြည့်စွက်ရမည်-

အပိုင်း (၃၃)

အထွေထွေ

၃၃-၁။ ဤပြင်ဆင်ချက် သဘောတူစာချုပ်သည် (၁.၁၀.၂၀၁၂)ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၃၃-၂။ မူလစာချုပ်ပါ ကျန်စည်းကမ်းချက်များသည် ပြောင်းလဲမှုမရှိဘဲ ဆက်လက်အကျိုးသက်ရောက်မှုရှိစေရမည်။

၃၃-၃။ မူလစာချုပ်ပါစည်းကမ်းချက်များနှင့် ပြင်ဆင်ချက်သဘောတူစာချုပ်ပါ စည်းကမ်းချက်များ ကွဲလွဲမှုရှိလာပါက ပြင်ဆင်ချက်သဘောတူစာချုပ်ပါစည်းကမ်းချက်များက လွှမ်းမိုးရမည်။

၃၃-၄။ ဤပြင်ဆင်ချက်သဘောတူစာချုပ်ကို မူလစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မှတ်ယူရမည်။

ဤပြင်ဆင်ချက် သဘောတူစာချုပ်အား စာချုပ်၏အစဦးပိုင်းတွင် ဖော်ပြထားသော ၂၆ ရက်၊ နိုဝင်ဘာ လ၊ ၂၀၁၃ ခုနှစ် တို့တွင် အောက်ပါအတိုင်း နှစ်ဦးနှစ်ဖက်သဘောတူလက်မှတ် ရေးထိုးကြပါသည် -

သတလ (၂)(ကိုယ်စား)	ကန်ထရိုက်တာ(ကိုယ်စား)
26/11/2013	26-11-2013
သံဒိုင်	စိုးထွန်းရှိန်
ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး	ဥက္ကဋ္ဌ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း	အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်
သတ္တုတွင်းဝန်ကြီးဌာန	အမှတ်(၂၁/၂၃)၊ ဓမ္မာရုံလမ်း၊ ကန်တော်ကလေး(တောင်)ရပ်ကွက်
နေပြည်တော်	မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊

အသိသက်သေများ

(၁)

၁။ အမည်	- ဦးမောင်မောင်အောင်
၂။ ရာထူး	- ညွှန်ကြားရေးမှူး
၃။ မှတ်ပုံတင်အမှတ်	- ၉/မမန(နိုင်) ၀၁၀၂၉၈
၄။ ဌာန / နေရပ်	- အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

(၂)

26.11.2013

၁။ အမည်	- ဦးသီဟဇော်လင်း
၂။ ရာထူး	- အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ်	- ၁၂/ပဇတ(နိုင်) ၀၀၁၂၃၄
၄။ ကုမ္ပဏီ	- အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်

(၃)

၁။ အမည်	- ဦးဖုန်းမြင့်
၂။ ရာထူး	- ဒု-ညွှန်ကြားရေးမှူး
၃။ မှတ်ပုံတင်အမှတ်	- ၁၃/ဂခန(နိုင်) ၀၀၆၀၈၆
၄။ ဌာန / နေရပ်	- အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

(၂)

၂၆/၁၁/၂၀၁၃

၁။ အမည်	- ဦးတင်မောင်ဝင်း
၂။ ရာထူး	- အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ်	- ၁၁/စတန(နိုင်) ၀၀၄၀၁၁
၄။ ကုမ္ပဏီ	- အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်

အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ(လုပ်ကွက်-A)
ဒုတိယထုတ်လုပ်မှုကာလအတွက်ပေးသွင်းရမည့်ရွှေစင်

နှင့်မြေသက်တမ်း ၁၆.၉.၂၀၁၀ မှ ၁၅.၉.၂၀၁၉ ထိ

(က)နှစ်အတွက်ပေးသွင်းရမည့်ရွှေစင် ၅.၅၇၇ မက်ထရစ်တန်

ရေတွက်ပုံ-ပိဿာ

စဥ်	သအမည်	၂၀၀၀-၂၀၀၂	၂၀၀၂-၂၀၀၃	၂၀၀၃-၂၀၀၄	၂၀၀၄-၂၀၀၅	၂၀၀၅-၂၀၀၆	၂၀၀၆-၂၀၀၇	၂၀၀၇-၂၀၀၈	၂၀၀၈-၂၀၀၉	၂၀၀၉-၂၀၂၀	စုစုပေါင်း
											၂၄.၀၀၀၀
၁	ဧပြီ		၃၃.၀၀၀၀		၂၄.၀၀၀၀						၂၄.၀၀၀၀
၂	မေ		၃၃.၀၀၀၀		၂၄.၀၀၀၀						၂၄.၀၀၀၀
၃	ဇွန်		၃၃.၀၀၀၀		၂၄.၀၀၀၀						၂၄.၀၀၀၀
၄	ဇူလိုင်		၃၃.၀၀၀၀		၂၄.၀၀၀၀						၂၄.၀၀၀၀
၅	ဩဂုတ်		၃၃.၀၀၀၀		၂၄.၀၀၀၀						၂၄.၀၀၀၀
၆	စက်တင်ဘာ		၃၃.၀၀၀၀		၂၄.၀၀၀၀						၂၄.၀၀၀၀
၇	အောက်တိုဘာ				၂၄.၀၀၀၀						၂၄.၀၀၀၀
၈	နိုဝင်ဘာ				၂၄.၀၀၀၀						၄၀.၀၀၀၀
၉	ဒီဇင်ဘာ			၆.၀၀၀၀	၂၄.၀၀၀၀						၄၀.၀၀၀၀
၁၀	ဇန်နဝါရီ			၂၄.၀၀၀၀	၂၄.၀၀၀၀						၄၀.၀၀၀၀
၁၁	ဖေဖော်ဝါရီ			၂၄.၀၀၀၀	၂၄.၀၀၀၀						[illegible]
၁၂	မတ်			၂၄.၀၀၀၀	၂၈.၆၂၆၈						[illegible]
	စုစုပေါင်း			၇၈.၀၀၀၀	၂၉၂.၆၂၆၈						

ရှင်းလင်းချက်။ ပထမထုတ်လုပ်မှုကာလတွင် ပေးသွင်းရမည့်ရွှေစင်(၄၃၈)ပိဿာအနက် ရွှေစင်(၆၇.၃၇၃၂)ပိဿာသာပေးသွင်းခဲ့သဖြင့် ဆက်လက်ပေးသွင်းရန် ရွှေစင်(၃၇၀.၆[illegible]

ကျန်ရှိနေခဲ့ပါသည်။ ၎င်းကျန်ရှိနေသည့်ရွှေစင်(၃၇၀.၆၂၆၈)ပိဿာအား ဒုတိယထုတ်လုပ်မှုကာလ အတွင်းပေးသွင်းရမည်။

ပထမထုထောင်မှုကာလ	(၁၆.၉.၂၀၁၁)ရက်နေ့မှ(၃၀.၃.၂၀၀၂)ရက်နေ့ထိ	၁ မက်ထရစ်တန် =	၆၀၂.၉၉၃၁ [illegible]
ပထမထုတ်လုပ်မှုကာလ	(၀.၄.၂၀၀၂)ရက်နေ့မှ(၃၀.၉.၂၀၀၂)ရက်နေ့ထိ	၁ ကီလိုဂရမ် =	၀.၆၀၂၉၉ [illegible]
ဒုတိယထုထောင်မှုကာ	(၁.၁၀.၂၀၀၂)ရက်နေ့မှ(၀၅.၃.၂၀၀၅)ရက်နေ့ထိ	၅.၅၇၇ မက်ထရစ်တန် =	၃၃၀၅.၈၂၉ [illegible]

အမျိုးသားကြီးပွားတိုးတက်ရေးတူမှတ်(လုပ်ကွက်-A)
ဒုတိယထုတ်လုပ်မှုကာလအတွက်ပေးသွင်းရမည့်ရွှေစင်

နှင့်ပြိုသက်တမ်း ၁၆.၉.၂၀၀၀ မှ ၁၅.၉.၂၀၁၀ ထိ

(က)နှစ်အတွက်ပေးသွင်းရမည့်ရွှေစင် ၅.၅၇၇ မက်ထရစ်တန်

ရေတွက်ပုံ-ဝိဿာ


စဉ်	လအမည်	၂၀၀၀-၂၀၀၁	၂၀၀၁-၂၀၀၂	၂၀၀၂-၂၀၀၃	၂၀၀၃-၂၀၀၄	၂၀၀၄-၂၀၀၅	၂၀၀၅-၂၀၀၆	၂၀၀၆-၂၀၀၇	၂၀၀၇-၂၀၀၈	၂၀၀၈-၂၀၀၉	၂၀၀၉-၂၀၁၀	စုစုပေါင်း
၁	ခြီ						၃၆.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၂၇၆.၀၀၀၀
၂	မေ						၃၆.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၂၇၆.၀၀၀၀
၃	နွန်						၃၆.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၂၇၆.၀၀၀၀
၄	ရှုလိုင်						၃၆.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၂၇၆.၀၀၀၀
၅	ဩဂုတ်						၃၆.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၃၁၂၅	၂၇၆.၃၁၂၅
၆	စက်တင်ဘာ						၃၆.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀		၂၁၆.၀၀၀၀
၇	အောက်တိုဘာ						၃၆.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀		၂၁၆.၀၀၀၀
၈	နိုဝင်ဘာ						၃၆.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀		၂၁၆.၀၀၀၀
၉	ဒီဇင်ဘာ						၃၆.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀		၂၁၆.၀၀၀၀
၁၀	ဇန်နဝါရီ						၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀		၂၄၀.၀၀၀၀
၁၁	ဖေဖော်ဝါရီ						၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀		၂၄၀.၀၀၀၀
၁၂	မတ်						၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀	၆၀.၀၀၀၀		၂၄၀.၀၀၀၀
	စုစုပေါင်း						၅၀၄.၀၀၀၀	၇၂၀.၀၀၀၀	၇၂၀.၀၀၀၀	၇၂၀.၀၀၀၀	၃၀၀.၃၁၂၅	၂၉၆၄.၃၁၂၅

ပထမထူထောင်မှုကာလ (၁၆.၉.၂၀၀၀)ရက်နေ့မှ(၃၀.၃.၂၀၀၂)ရက်နေ့ထိ
ပထမထုတ်လုပ်မှုကာလ (၁.၄.၂၀၀၂)ရက်နေ့မှ(၃၀.၉.၂၀၀၂)ရက်နေ့ထိ
ဒုတိယထူထောင်မှုကာ (၁.၁၀.၂၀၀၂)ရက်နေ့မှ(၁၅.၃.၂၀၀၅)ရက်နေ့ထိ
ဒုတိယထုတ်လုပ်မှုကာလ (၁၆.၃.၂၀၀၅)ရက်နေ့မှ(၁၅.၉.၂၀၁၀)ရက်နေ့ထိ

၁ မက်ထရစ်တန် = ၆၁၂.၃၉၅၀ ဝိဿာ
၁ ကီလိုဂရမ် = ၀.၆၁၂၃၉ ဝိဿာ
၅.၅၇၇ မက်ထရစ်တန် = ၃၄၁၅.၃၂၇ ဝိဿာ

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ ရွှေစင်တောင်၊ ထုံးကြီးတောင် လုပ်ကွက်အကျယ်အဝန်းနှင့် ပုံသဏ္ဍာန်ပြမြေပုံ

မြေပုံအမှတ် ၉၃ ဒီ/၇ တစ်စိတ်တစ်ဒေသ



A	N-20 21' 00"	, E-96 23' 30"
B	N-20 20" 30"	, E-96 23' 30"
C	N-20 20" 30"	, E-96 24' 00"
D	N-20 20' 00"	, E-96 24' 00"
E	N-20 20" 00"	, E-96 24' 30"
F	N-20 19" 30"	, E-96 24' 30"
G	N-20 19' 30"	, E-96 25' 00"
H	N-20 19" 00"	, E-96 25' 00"
I	N-20 19" 00"	, E-96 25' 30"
J	N-20 19' 30"	, E-96 25' 30"
K	N-20 19" 30"	, E-96 26' 30"
L	N-20 20" 30"	, E-96 26' 30"
M	N-20 20' 30"	, E-96 26' 00"
N	N-20 22" 00"	, E-96 26' 00"
O	N-20 23" 00"	, E-96 25' 00"
P	N-20 23' 30"	, E-96 25' 00"
Q	N-20 23" 30"	. E-96 24' 30"

လုပ်ကွက်ဧရိယာအကျယ်အဝန်း

= (၆၁၀၅) ဧက

= (၂၄.၇၁) စတုရန်းကီလိုမီတာ

= (၉.၅၄) စတုရန်းမိုင်

နောက်ဆက်တွဲ(၁)

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိ မိုးမိဒေသ ပုဒ်မ-၁၄၄ ထုတ်ပြန်ထားသောဧရိယာနှင့် ရွှေစင်တောင်၊ ထုံးကြီးတောင်ဧရိယာ တည်နေရာပြမြေပုံ

မြေပုံအမှတ် ၉၃ ဒီ

93D/6 93D/10
93D/7 93D/11

93D/7 93D/11
93D/8 93D/12

ရည်ညွှန်းချက်

ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိလုပ်ကွက်

ရွှေစင်တောင်၊ ထုံးကြီးတောင်လုပ်ကွက်

ရမည်းသင်းမြို့နယ် ရွှေလုပ်ကွက်

0 1 2 4 Miles

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

နှင့်

အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်အုပ်စု

တို့၏

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ

ရွှေစင်တောင်၊ ထုံးကြီးတောင် ရွှေလုပ်ကွက်

အား

ရွှေသတ္တုထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်လုပ်ငန်း

သဘောတူစာချုပ်

မာတိကာ

ရွှေသတ္တုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်လုပ်ငန်း

သဘောတူစာချုပ်

ဤသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ လ၊ (၁၆) ရက်နေ့တွင် ဦးတင်မောင်ရွှေ ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန (နောင်တွင် "သတလ(၂)"ဟု ခေါ်ဆိုမည်ဖြစ်ပြီး၊ ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူများ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်)ကတစ်ဖက်နှင့် ဦးစိုးထွန်းရှိန်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ ၁၂/မဂတ(နိုင်)၀၄၅၇၄၄၊ ဥက္ကဋ္ဌ ကိုယ်စားပြုသော ကုမ္ပဏီ(၂၅)ခု ပူးပေါင်းပါဝင်သည့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်အုပ်စု အမှတ်(၁၀၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ (နောင်တွင် "ကန်ထရိုက်တာ" ဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူများ၊ တရားဝင် ကိုယ်စားလှယ်များ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများ ပါဝင်သည်)က တခြားတစ်ဖက်တို့သည် အောက်ပါစည်းကမ်း ချက်များနှင့်အညီ နှစ်ဖက်သဘောတူ ချုပ်ဆိုကြပါသည်။

အပိုင်း (၁)

ရည်ရွယ်ချက်

၁။ အောက်ပါအတိုင်း ရည်ရွယ်ချက် ထားရှိပါသည် -

(က) နှစ်ဦးနှစ်ဖက်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုစနစ်ကိုအခြေခံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရမှ လုပ်ပိုင်ခွင့်ချမှတ်ပေးသည့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ ထုံးကြီးတောင်၊ ရွှေစင်တောင်လုပ်ကွက် လုပ်ကွက်(A)မှ ရွှေသတ္တုရိုင်းများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအား သတလ(၂)နှင့် ကန်ထရိုက်တာတို့ ပူးပေါင်းဆောင်ရွက်ရန်။

(ခ) ရွှေသတ္တုရိုင်း တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်သက်ဆိုင်သော စီမံခန့်ခွဲခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်းတို့အတွက် ငွေကြေးကုန်ကျစရိတ်များကိုကျခံရန် ကန်ထရိုက်တာက တာဝန်ယူစေပြီး အပိုင်း(၄)တွင်ဖော်ပြထားသည့်စာချုပ်အရ လုပ်ပိုင်ခွင့်ရှိသောလုပ်ကွက်တွင် တူးဖော် ထုတ်လုပ် ခွင့်နှင့်တည်ဆဲဥပဒေလုပ်ထုံးများနှင့်အညီ ပြည်တွင်း၌ရောင်းချခွင့်ရရှိစေရန် ကိစ္စရပ်များကို သတလ(၂) မှ တာဝန်ယူလျက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဆောင်ရွက်ကြရန်။

အပိုင်း (၂)

ကိုယ်စားပြုခြင်း နှင့် အာမခံခြင်း

၂။ ဤသဘောတူစာချုပ်ကိုချုပ်ဆိုကြသောစာချုပ်ဝင်တို့သည် ဤသဘောတူစာချုပ်ချုပ်ဆိုရန်အတွက် တည်ဆဲ ဥပဒေများအရ လုပ်ပိုင်ခွင့်၊ အခွင့်အာဏာနှင့်စီးပွားရေးအရ ခိုင်မာတောင့်တင်းခြင်းရှိကြောင်းကို အသီးသီး ကိုယ်စားပြု အာမခံကြပါသည်။

အပိုင်း (၃)

အဓိပ္ပာယ်ဖွင့်ဆိုချက်

၃။ ဤသဘောတူ စာချုပ်တွင် အသုံးပြုမည့် စကားရပ်များကို အောက်ပါအတိုင်း အဓိပ္ပာယ် ကောက်ယူရမည် -

(က) "ရွှေသတ္တုရိုင်း" ဆိုသည်မှာ - စာချုပ်အရလုပ်ပိုင်ခွင့်ရှိသော လုပ်ကွက်အတွင်း တွင်းထွက် အတိုင်းထုတ်ယူရရှိသောရွှေသတ္တုရိုင်းကိုဆိုလိုသည်။

(ခ) "ရွှေသတ္တု"ဆိုသည်မှာ - ရွှေရည် (၁၆) ပဲရည် (သို့) ၉၉.၉၉ ရာနှုန်း အဆင့်ရှိ ရွှေစင် သတ္တုကို ဆိုလိုသည်။

(ဂ) "ဆက်စပ်သတ္တု Associated Minerals" ဆိုသည်မှာ - စာချုပ်အရ လုပ်ပိုင်ခွင့်ရှိသော လုပ်ကွက်အတွင်းရှိ ရွှေသတ္တုရိုင်းနှင့်အတူ ဘူမိဗေဒဖြစ်စဉ်အရ တွဲစပ်ပါဝင်လျက်ရှိသော တွင်းထွက်သတ္တုရိုင်းများကို ဆိုလိုသည်။

(ဃ) "ဘဏ္ဍာရေးနှစ်" ဆိုသည်မှာ - နှစ်စဉ်ပြက္ခဒိန်နှစ်တစ်နှစ်၏ ဧပြီလ(၁)ရက်နေ့မှအစပြု၍ နောင်လာမည့်နှစ်၏ မတ်လ(၃၁)ရက်နေ့အထိ (၁၂)လ တာကာလကို ဆိုလိုသည်။

(င) "ထရိုင်အောင်စ" ဆိုသည်မှာ - ၁.၉၀၄၇ ကျပ်သား(သို့မဟုတ်) ၃၁.၁၀၃ ဂရမ် (သို့မဟုတ်) ၀.၀၃၁၁ ကီလိုဂရမ် (သို့မဟုတ်) ၀.၀၀၀၀၃၁ မက်ထရစ်တန် (သို့မဟုတ်) ၀.၀၆၈ ပေါင်ကို ဆိုသည်။

(စ) "ဝန်ကြီးဌာန" ဆိုသည်မှာ - သတ္တုတွင်းဝန်ကြီးဌာန ကိုဆိုလိုသည်။

(ဆ) "တန်ချိန်" ဆိုသည်မှာ - ကီလိုဂရမ်(၁၀၀၀)ရှိသောတစ်မက်ထရစ်တန်ကိုဆိုလိုသည်။

အပိုင်း (၄)

လုပ်ပိုင်ခွင့်ရှိသော လုပ်ကွက်

၄-၁။ ဤသဘောတူစာချုပ်အရ လုပ်ပိုင်ခွင့်ရှိသော လုပ်ကွက်သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ တွင်တည်ရှိပြီး၊ ဤစာချုပ်နှင့် ပူးတွဲပါရှိသည့် နောက်ဆက်တွဲ(က)(ခ)တွင် မြေပုံညွှန်းနှင့်တကွ ဖော်ပြထားသည့် ဧရိယာ (၆၁၀၅)ဧက၊ (၂၄.၇၁)စတုရန်း ကီလိုမီတာရှိ နယ်နိမိတ်အတိုင်းဖြစ်သည်။

၄-၂။ အကယ်၍အထက်အပိုဒ် ၄-၁ တွင်ဖော်ပြထားသောလုပ်ကွက်ကို နိုင်ငံတော်အစိုးရမှ စီမံကိန်းတစ်ခုခုအလို့ငှာ အသုံးပြုရန်လိုအပ်ခဲ့လျှင် ကန်ထရိုက်တာဖြစ်သူက မိမိလက်ဝယ်ရယူထားသောလုပ်ကွက်ကို အစိုးရသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပြီး ကန်ထရိုက်တာနစ်နာမှုမရှိစေရန် နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆောင်ရွက်ရမည်။

အပိုင်း (၅)

လုပ်ငန်းအစီအစဉ်

၅-၁။ ကန်ထရိုက်တာသည် သတ္တုရိုင်းတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် သတ္တုတွင်းထူထောင်မှုနှင့် လုပ်ငန်းအစီအစဉ်များရေးဆွဲ၍ ဤစာချုပ်လက်မှတ်ရေးထိုးပြီး(၁)လအတွင်း သတလ(၂)နှင့် သတ္တုတွင်းဦးစီးဌာနသို့ တင်ပြရမည်။

၅-၂။ လုပ်ငန်းအစီအစဉ်တွင် ရွှေသတ္တုတူးဖော်ခြင်း၊ သန့်စင်ခြင်းနှင့်ချတ်စင်ခြင်းနည်းဥပဒေများကို ထည့်သွင်းဖော်ပြရမည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ခွင့်ပြုချက်ရရှိမှသာ ဆိုင်ယာနိုက်နည်းစဉ်ကို အသုံးပြုရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး လိုက်နာဆောင်ရွက်ရမည်။ ကန်ထရိုက်တာသည် လုပ်ငန်းအစီအစဉ် တင်ပြပြီး ခွင့်ပြုမိန့်ရသည်နှင့် လုပ်ငန်းများ လျှင်မြန်ချောမွေ့စေရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရမည်။ ဥပမာ - ကြိတ်ခွဲစက်ရုံ၊ သန့်စင်စက်ရုံ၊ အလုပ်သမားတန်းလျားများ၊ ၎င်းတို့၏ မိခိုကလေးများနှင့် ပတ်ဝန်းကျင်ကျေးရွာလူထု ကလေးများအတွက် စာသင်ကျောင်း၊ ဆေးပေးခန်းများ ဆောက်လုပ်ပေးသွားရမည် စသည်ဖြင့် လုပ်ငန်းဇယားပါအတိုင်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၅-၃။ သတ္တုတွင်းထူထောင်မှုလုပ်ငန်းကို ဤစာချုပ်လက်မှတ်ရေးထိုးပြီးသည့်နေ့မှ ခွင့်ပြုမိန့်စည်းကမ်းချက်ပါ သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်ရမည်။

၅-၄။ ကန်ထရိုက်တာမှတင်ပြသော လုပ်ငန်းအစီအစဉ်များကို နှစ်ဦးနှစ်ဖက်ညှိနှိုင်း သဘောတူအတည်ပြုချက် ရရှိပြီးသည်နှင့် စတင်အကောင်အထည်ဖော်ရမည်။ ထိုသို့အတည်ပြုထားသော လုပ်ငန်းအစီအစဉ်များသည် ဤသဘောတူစာချုပ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။ ကန်ထရိုက်တာသည် လုံခြုံရေးအတွက်အလို့ငှါ မိမိရရှိထားသော ဧရိယာတစ်ခုလုံးအား လိုအပ်လျှင် ဝင်းခြံစည်းရိုး ကာရံရမည်။

၅-၅။ အတည်ပြုပြီးသော လုပ်ငန်းအစီအစဉ်အား ပြင်ဆင်ဖြည့်စွက်လိုပါက သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပြုလုပ်နိုင်သည်။

၅-၆။ ကန်ထရိုက်တာသည် အထက်ပါလုပ်ငန်းအဆင့်များကို အထိရောက်ဆုံးနှင့် နိုင်ငံတော်မှ လက်ခံကျင့်သုံးသည့် သတ္တုရှာဖွေတူးဖော်ထုတ်လုပ်မှု အဆင့်အတန်းနှင့် အင်ဂျင်နီယာနည်းပညာများနှင့်အညီ အထိရောက်ဆုံး ဆောင်ရွက်ရမည်။

အပိုင်း (၆)

လုပ်ငန်းသုံး စက်ကိရိယာများ

၆-၁။ ကန်ထရိုက်တာသည် စာချုပ်အရ ဆောင်ရွက်မည့်တူးဖော်မှုလုပ်ငန်းအတွက် အသုံးပြုမည့်စက်၊ စက်ပစ္စည်းများ၊ ယာဉ်ယန္တရားများကို ပြည်ပမှတင်သွင်းရန်ရှိပါက သတ္တုတွင်းဝန်ကြီးဌာနသို့တင်ပြပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူခွင့်ပြုချက်ရရှိမှသာ တင်သွင်းခွင့်ရှိသည်။

၆-၂။ အပိုဒ် ၆-၁ အရ တင်သွင်းလာသည့် စက်ပစ္စည်းကိရိယာများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ပြန်လည်ရောင်းချခြင်း မပြုရ။

အပိုင်း (၇)

ရင်းနှီးမြှုပ်နှံမှု ပမာဏ

၇။ ကန်ထရိုက်တာသည် စာချုပ်အပိုင်း(၅) အပိုဒ် ၅-၁ ပါ လုပ်ငန်းအစီအစဉ်များအတွက် အနည်းဆုံး ရင်းနှီးမြှုပ်နှံမှုငွေ အမေရိကန်ဒေါ်လာ (၂)သန်းနှင့် မြန်မာကျပ်ငွေသန်းပေါင်း(၁၅၀၀)ကို ရင်းနှီးမြှုပ်နှံရမည်။ ရင်းနှီးမြှုပ်နှံမှုငွေ တစ်ရပ်လုံးကို ကန်ထရိုက်တာမှ ကျခံရမည်။

အပိုင်း (၈)

ထုထောင်မှုနှင့် တူးဖော်ထုတ်လုပ်ခြင်း

၈-၁။ ကန်ထရိုက်တာသည် စာချုပ်ပါလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာမှ လက်ခံကျင့်သုံးသည့် သတ္တုတူးဖော်ထုတ်လုပ်မှုနည်းပညာ အဆင့်အတန်းများနှင့်အညီ အထိရောက်ဆုံး လုပ်ကိုင်ဆောင်ရွက်ရမည်။

၈-၂။ ကန်ထရိုက်တာသည် စာချုပ်အပိုင်း(၅) အပိုဒ် ၅-၁ ပါ လုပ်ငန်းအစီအစဉ်များတွင် ဖော်ပြထားသော ထုတ်လုပ်မှုလျာထားချက်ကို ပြည့်မီအောင် အကောင်အထည်ဖော်ရမည်။

အပိုင်း (၉)

စာချုပ်သက်တမ်း

၉။ ဤသဘောတူစာချုပ်အရ ရွှေသတ္တုရိုင်းတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် ခွင့်ပြုသည့်ကာလမှာ သက်တမ်း(၅)နှစ်ဖြစ်သည်။ ပြင်ဆင်ချိန်ကာလမှာ လုပ်ကွက်တင်ဒါအောင်မြင်သည့်နေ့ (၁၆.၉.၂၀၁၁)ရက်နေ့မှ (၃)လဖြစ်သည်။ လိုအပ်ချက်အရ ကုမ္ပဏီမှတောင်းဆိုလာပါက နောက်ထပ်ပြင်ဆင်ချိန်ကာလ(၃)လ တိုးမြှင့်ပေးရမည်။ ပြင်ဆင်ချိန်ကာလအပါအဝင် စာချုပ်သက်တမ်းအား (၅)နှစ်အဖြစ်သတ်မှတ်ပေးမည်။ ဤစာချုပ်အား သက်တမ်းတိုးမြှင့်ရန်လိုအပ်ပါက သတ်မှတ်ထားသောခွင့်ပြုကာလ မကုန်ဆုံးမီ(၃)လအလိုတွင် ကန်ထရိုက်တာသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့်အညီ တစ်ကြိမ်လျှင်(၅)နှစ် ထက်မပိုသော သက်တမ်းတိုးမြှင့်ခြင်း(၄)ကြိမ် အထိ သတ္တုတွင်းဝန်ကြီးဌာနသို့လျှောက်ထားနိုင်သည်။ ယင်းသို့သက်တမ်းတိုးမြှင့်ခြင်းသည် သတလ(၂)မှတဆင့် သတ္တုတွင်းဝန်ကြီးဌာန၏ အတည်ပြုချက်ရမှသာလျှင် အတည်ဖြစ်သည်။

အပိုင်း (၁၀)

အထွေထွေတာဝန်များ

၁၀-၁။ ကန်ထရိုက်တာ၏ တာဝန်များ

ကန်ထရိုက်တာသည် အောက်ပါတို့ကို တာဝန်ယူရမည် -

(က) ခွဲဝေမှုအချိုးအား ဓာတ်သတ္တုခွန်(၅%)အပါအဝင် နိုင်ငံတော်အချိုး(၅၀%)နှင့် ကုမ္ပဏီအချိုး(၅၀%) သတ်မှတ်ပြီး နိုင်ငံတော်အချိုး(၅၀%)နှင့် ညီမျှသည့် ရွှေစင်(၉၉.၉၉)ရာနှုန်းပါဝင်သော ရွှေစင်သတ္တု (၅.၅၇၇)မက်ထရစ်တန်အား သတ်မှတ်ခွင့်ပြုကာလ(၅)နှစ်အတွင်း အပြည့်အဝ ပေးသွင်းရမည်။

(ခ) နိုင်ငံတော်သို့ ပေးသွင်းရမည့် (၅)နှစ်စာ ရွှေစင်(၅.၅၇၇)မက်ထရစ်တန်အား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့မတိုင်မီ အပြီးပေးသွင်းရမည်။ ပြင်ဆင်ချိန်ကာလ ပြီးဆုံးပြီးနောက် ထုတ်လုပ်မှုကာလ စတင်ချိန်တွင် ပေးသွင်းရမည့် လစဉ်သတ်မှတ်ရွှေစင် (၇၃)ပိဿာအား ၂၀၁၂ ခုနှစ်၊ ဧပြီလ (၇)ရက် နေ့မတိုင်မီ စတင်ပေးသွင်းရမည်။ လစဉ်ပေးသွင်းရမည့် ရွှေစင် (၇၃)ပိဿာအား လစဉ် သတ်မှတ်ရက် (၂၈)ရက်နေ့မတိုင်မီ ပေးသွင်းသွားရမည်ဖြစ်ပြီး၊ ပေးသွင်းရန် ကျန်ရွှေစင် (၅၇.၃၃)ပိဿာအား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့မတိုင်မီ အပြီးပေးသွင်းရမည်။ ကုမ္ပဏီမှ နိုင်ငံတော်သို့ လစဉ်ပေးသွင်းရမည့် သတ်မှတ်ရွှေစင်အား မပေးသွင်းနိုင်ပါက ပေးသွင်းရမည့်သတ်မှတ်ရက်မှစ၍ ရက်ပေါင်း(၉၀)ကြိုတင်သတိပေးပြီး လိုက်နာရန်ပျက်ကွက်ပါက လုပ်ကွက်အားပိတ်သိမ်းခြင်းနှင့် အပ်နှံထားသည့် ဘဏ်အာမခံငွေကို သိမ်းဆည်းခြင်းခံရမည်။ ထို့ပြင်လိုအပ်သော ပေးရန်ကျန်ရွှေစင်အတွက် ကာလပေါက်စျေးနှင့် ညီမျှသော ကုမ္ပဏီ၏ပိုင်ဆိုင်မှုများကိုလည်း သိမ်းဆည်းခြင်းခံရမည်။

(ဂ) မည်သို့သောအကြောင်းကြောင့် ဖြစ်ပေါ်စေကာမူ နိုင်ငံတော်အား ပေးသွင်းရမည့် သတ်မှတ်အချိုးအား အပြည့်အဝ ပေးသွင်းရမည်။

(ဃ) သတ္တုတွင်းလုံခြုံမှုအား ကန်ထရိုက်တာမှ တာဝန်ယူရမည်။

(င) ရွှေစင်ထုတ်လုပ်မှုအတွက် လိုအပ်သော စက်ရုံ၊ ယမ်း၊ ယန္တရားများ၊ ဓာတ်ဆေးများ၊ ပညာရှင်များအား တင်သွင်းခေါ်ယူခွင့်ရရှိရေး ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ရမည်။

(စ) သတလ(၂)သို့တင်ပြသည့် လုပ်ငန်းအစီအစဉ်အရ ရွှေစင်သတ္တုရိုင်းထုတ်လုပ်ရာတွင် ကုန်ကျစရိတ် သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်နှင့် အခြားအထွေထွေ ကုန်ကျစရိတ်အဝဝ ကိုကျခံရမည်။

(ဆ) ဤစာချုပ်အရ တူးဖော်ခွင့်ပြုထားသည့်သတ္တုကိုသာ တူးဖော်ထုတ်လုပ်ရမည်။ သတ်မှတ် လုပ်ကွက် အတွင်း ခွင့်ပြုထားသည့်သတ္တုမဟုတ်ဘဲ အခြားသတ္တုများ၊ ကျောက်မျက်ရတနာများ တွေ့ရှိပါက အဆိုပါတွေ့ရှိမှုကို သတလ(၂)နှင့် သတ္တုတွင်းဦးစီးဌာနသို့ အမြန် သတင်းပို့ရမည်။

(ဇ) တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ကောင်းမွန်မှန်ကန်သော သတ္တုတူးဖော်မှု အတွေ့အကြုံများကို အခြေခံ၍ သတ္တုသိုက်လေလွင့်ဆုံးရှုံးမှုမရှိစေသော အကောင်းဆုံးနည်းစနစ်များကို လိုက်နာ ဆောင်ရွက်ရန်နှင့် နောင်ဆက်လက်ဆောင်ရွက်ရမည့် ထုတ်လုပ်မှုလုပ်ငန်းများကို မထိခိုက်အောင် ဆောင်ရွက်ရမည်။

(ဈ) သတ်မှတ်ခွင့်ပြုထားသော လုပ်ကွက်အတွင်း၌သာ ရွှေစင်သတ္တုရိုင်းတူးဖေါ် ထုတ်လုပ်ရမည်။

(ည) ရွှေစင်သတ္တုရိုင်းတူးဖော်ထုတ်လုပ်မှု ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုစွမ်းအား အပြည့်အဝ ရရှိနိုင်ရေးအတွက် လုပ်ငန်းကျွမ်းကျင်သူများကို လုံလောက်စွာခန့်ထားရမည်။

(ဋ) လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထုတ်ပြန်ထားသော မြန်မာ့သတ္တုတွင်းဥပဒေနှင့် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဌ) ရွှေစင်သတ္တုရိုင်းတူးဖော်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊သယ်ယူရောင်းချခြင်းတို့နှင့် ပတ်သက်သည့် လစဉ်အစီရင် ခံစာကိုနှစ်ဘက်သဘောတူထားသည့်ပုံစံများဖြင့် ဖြည့်သွင်း၍ မိတ္တူ(၁)စောင်စီကို သတလ(၂)နှင့် သတ္တုတွင်းဦးစီးဌာနတို့သို့ လစဉ်လ၏ပထမ ရက်သတ္တပတ်(၁)ပတ်အတွင်း အချိန် မှန်မှန် ပေးပို့ရမည်။

(ဍ) ကျွမ်းကျင်မှုဆိုင်ရာ သုံးသပ်ချက်များပါဝင်သော သုံးလပတ်အစီရင်ခံစာများကို ပေးပို့ရန် အချိန်ကျရောက်သည့်နေ့မှ ရက်သတ္တပတ် (၁)ပတ်အတွင်း တင်ပြရန်နှင့် နှစ်ချုပ်အစီရင်ခံစာများကိုလည်း ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်နေ့မှ တစ်လအတွင်း အထက်အပိုဒ် ၁၀-၁(ဌ) ပါအတိုင်း အချိန်မှန်မှန် ပေးပို့ရမည်။

(ဎ) လုပ်ပိုင်ခွင့်ရှိသော လုပ်ကွက်ဧရိယာ နယ်နိမိတ်အတွင်းရှိ သစ်ပင်များကိုသော်လည်းကောင်း၊အပြင်ရှိသစ်ပင်များကိုသော်လည်းကောင်း၊ သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ခုတ်လှဲခြင်းမပြုလုပ်ရ။ သစ်ပင်များကိုခုတ်လှဲရန်လိုအပ်ပါက သစ်တောဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရန်နှင့်ခုတ်လှဲသောသစ်ပင်များကို အသုံးပြုပါက သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသော ဈေးနှုန်းဖြင့်ပေးချေ ဝယ်ယူရမည်။

(ဏ) ရွှေစင်သတ္တုရိုင်း တူးဖော်ပြီးမြေဧရိယာတွင် သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ပေးခြင်းသို့မဟုတ် လျော်ကြေးပေးခြင်း ပြုရမည်။

(တ) ရွှေစင်သတ္တုရိုင်းတူးဖော်မည့် လုပ်ကွက်နယ်နိမိတ် သတ်မှတ်ခြင်းလုပ်ငန်းအတွက် တည်ဆဲဥပဒေ ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည်များကို ဆောင်ရွက်ပေးရမည်။

(ထ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရေထု၊ မြေထု၊ လေထု ညစ်ညမ်းမှုမဖြစ်စေရန် လိုအပ်သည်များကို ဆောင်ရွက်ပေးရမည်။

(ဒ) ရွှေစင်သတ္တုရိုင်းတူးဖော်ခြင်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကြောင့် မြစ်ချောင်း၊အင်းအိုင်များကိုပိတ်ဆို့ခြင်း၊ ရေစီးလမ်းပြောင်းလဲခြင်း၊ အများပြည်သူအသုံးပြုသောရေရရှိနိုင်မှုတို့ကို ထိခိုက်စေခြင်းများမရှိစေရ၊ ပျက်စီးမှုများဖြစ်ပေါ်က လုပ်ကွက်များ ချက်ချင်းပိတ်သိမ်း အရေးယူခြင်းခံရမည်။

(ဓ) တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကြောင့် ဒေသတွင်းတည်ရှိနေသော လယ်ယာမြေ၊ အိမ်၊ ခြံ တို့နှင့်ပတ်သက်၍ ထိခိုက်မှုရှိလျှင် သက်ဆိုင်ရာအာဏာပိုင်များမှ သတ်မှတ်ပေးထားသော တန်ဖိုးကိုလျော်ကြေးအဖြစ် ပေးဆောင်ရမည်။

(န) သတ္တုတွင်းဧရိယာအတွင်း လုံခြုံရေးအတွက် လိုအပ်သည့်နေရာများတွင် ခြံစည်းရိုး ကာရံသွားရမည်။

(ပ) သတ္တုတွင်းဧရိယာအတွင်းရှိ ကျေးရွာလူထု၊ သတ္တုတွင်းလုပ်သားများအတွက် ကျန်းမာရေး စောင့်ရှောက်ပေးမှုပေးရန် ဆေးပေးခန်း တည်ဆောက်ပေးခြင်းနှင့် မူကြိုကလေးများအတွက် စာသင်ကျောင်းများ တည်ဆောက်ပေးရမည်။ လိုအပ်မည့် ကျမ္မာရေးဝန်ထမ်းနှင့် ဆရာ၊ ဆရာမများ ရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြ၍ ညှိနှိုင်းဆောင်ရွက်ရမည်။

(ဖ) ခွင့်ပြုမိန့်ပျောက်ဆုံးပါက သတလ(၂)နှင့် သတ္တုတွင်းဦးစီးဌာနသို့ (၁)လအတွင်း ခွင့်ပြုမိန့်အသစ်ထုတ်ပေးရန် အမြန်ပြန်လည်လျှောက်ထားရမည်။ ထိုသို့လျှောက်ထားရာတွင် သက်ဆိုင်ရာမြို့နယ်အဆင့် ဒေသအာဏာပိုင်နှင့် မြို့နယ်အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက်များဖြင့် ပြည့်စုံစွာတင်ပြရမည်။

(ဗ) ခွင့်ပြုမိန့်ပျောက်ဆုံးကြောင်း ခိုင်လုံသည့်အထောက်အထားပြနိုင်ပါက ခွင့်ပြုမိန့်အသစ်အားသတ္တုတွင်းဝန်ကြီးဌာနသို့ သတလ(၂)မှ တင်ပြပြီး ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အတိုင်း ကုမ္ပဏီမှ သတ်မှတ်ဒဏ်ကြေးငွေ ပေးဆောင်စေပြီး ခွင့်ပြုမိန့်အသစ် ထပ်မံထုတ်ယူရမည်။

(ဘ) စာချုပ်ပါ တာဝန်များကို လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများပူးတွဲ၍သော်လည်းကောင်း ကုမ္ပဏီတစ်ခုချင်းသော်လည်းကောင်း တာဝန်ရှိစေရမည်။

၁၀-၂။ သတလ(၂)၏တာဝန်များ

သတလ(၂)သည်အောက်ပါတို့ကို တာဝန်ယူရမည် -

(က) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်နေ့တွင် လုပ်ပိုင်ခွင့်၊ ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်။ ရက်ပေါင်း(၃၀)အတွင်း လုပ်ကွက်ကိုလွှဲအပ်ပေးရမည်။

(ခ) ကန်ထရိုက်တာမှ တင်ပြလာသော လုပ်ငန်းအစီအစဉ်ကို ရက်ပေါင်း(၃၀)အတွင်း စစ်ဆေးအတည်ပြုပေးရမည်။

(ဂ) သတ္တုတူးဖော်ထုတ်လုပ်ရာတွင် ကန်ထရိုက်တာမှ ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများ တောင်းခံလာပါက သင့်တင့်သော ကူညီမှုများ ဆောင်ရွက်ပေးရမည်။

(ဃ) သတ္တုတူးဖော်ရေးလုပ်ငန်းခွင်အတွင်း လိုအပ်ချက်များ တင်ပြလာပါက ကူညီဆောင်ရွက်ပေးရမည်။ သက်ဆိုင်သည့်လုပ်ငန်းဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(င) သတလ(၂)သည် ရွှေသတ္တုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်လုပ်ငန်း၊ လုပ်ငန်းထုထောင်ထုတ်လုပ်မှုအတွက် လိုအပ်သလိုလမ်းညွှန်ကြီးကြပ်မှု၊ စစ်ဆေးမှုနှင့်အကြံပြုမှုများကို လုပ်ဆောင်ပေးရမည်။

(စ) ကန်ထရိုက်တာမှ အကူအညီတောင်းလာပါက လုပ်ငန်းသုံးယမ်းနှင့်အပေါင်းပါ ဆက်စပ်ပစ္စည်းများနှင့် အခြားပံ့ပိုးနိုင်သည်များကို အခကြေးငွေရယူပြီး ပံ့ပိုးနိုင်သည်။

အပိုင်း (၁၁)

ဓာတ်သတ္တုခွန်နှင့် ပုံသေမြေငှားရမ်းခ

၁၁-၁။ ဤသဘောတူစာချုပ် အပိုဒ် ၁၀-၁(က) အရ နိုင်ငံတော်အချိုး(၅၀%)တွင် ဓာတ်သတ္တုခွန်(၅%)ပါဝင်သဖြင့် သ.တ.လ(၂)မှဓာတ်သတ္တုခွန်(၅%) ကို နိုင်ငံတော်သို့ ပေးဆောင်ရမည်။

၁၁-၂။ ကန်ထရိုက်တာသည် ပုံသေမြေငှားရမ်းခ (Dead Rent)ကို မြန်မာ့သတ္တုတွင်းဥပဒေ၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ထုတ်လုပ်မှုကာလတွင် တစ်နှစ်လျှင် တစ်စတုရန်းကီလိုမီတာအတွက် ကျပ် (၆၀,၀၀,၀၀၀/-)(ကျပ် သိန်းခြောက်ဆယ် တိတိ) နှုန်းထား အတိုင်း သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနသို့ ပေးဆောင် ရမည်။

အပိုင်း (၁၂)

ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်း

၁၂။ ထုတ်လုပ်ရရှိသော ရွှေစင်သတ္တုများကို သတလ(၂)နှင့် ကန်ထရိုက်တာတို့သည် အောက်ပါအတိုင်း လစဉ်အချိုးကျ ခွဲဝေခံစားရမည် -

ဓာတ်သတ္တုခွန် + သတလ(၂)	=	စုစုပေါင်း	:	ကန်ထရိုက်တာ
၅% + ၄၅%	=	၅၀%	:	၅၀%

အပိုင်း (၁၃)

ထုတ်ကုန်ပစ္စည်းတန်ဖိုး သတ်မှတ်ခြင်း

၁၃။ ထုတ်လုပ်သည့် ရွှေစင်သတ္တုနှင့်နှစ်ကုန်လက်ကျန် ရွှေစင်သတ္တုများအတွက် တန်ဖိုးသတ်မှတ်ရန်လိုအပ်ပါက ကမ္ဘာ့ရွှေဈေးနှုန်း(LME)နှင့် မြန်မာ့ရွှေဈေးနှုန်းအပေါ် မူတည်၍ သတ်မှတ်ရမည်။

အပိုင်း (၁၄)

သိုလှောင်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သယ်ယူရောင်းချခြင်း

၁၄-၁။ ကန်ထရိုက်တာသည် သန့်စင်ပြီးသော ရွှေစင်သတ္တုများကို သတ်မှတ်ထားသည့် လုံခြုံရေးစိတ်ချရသော နေရာ၊ သိုလှောင်ခန်း၊ အာမခံသေတ္တာတွင်သေချာစွာ ထည့်သွင်းထားရမည်။ ယင်းသို့ သိုလှောင်သိမ်းဆည်းထားသော နေရာကို သော့ခလောက်နှစ်လုံးခတ်သည့် စံနစ်အသုံးပြု၍ သတလ(၂)နှင့် ကန်ထရိုက်တို့က သော့တစ်ချောင်းစီ ထိန်းသိမ်းထားကြရမည်။ သိုလှောင်ခန်း အာမခံသေတ္တာဖွင့်/ပိတ်ခြင်းကို နှစ်ဖက် အတူတကွ ဆောင်ရွက်ရမည်။

၁၄-၂။ သတလ(၂)မှ အချိုးကျရရှိမည့် ရွှေစင်သတ္တုများကို သတလ(၂)မှ သတ်မှတ်ထားသောနေရာတွင် ကန်ထရိုက်တာမှ လွှဲပြောင်းပေးရမည်။

၁၄-၃။ အပိုဒ် ၁၂ အရ ကန်ထရိုက်တာမှ အချိုးကျရရှိသောသတ္တုရိုင်းများအား သယ်ယူခြင်းကို သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်သည်။ ရွှေစင်သတ္တုများအား သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်း၌ ရောင်းချနိုင်သည်။

အပိုင်း (၁၅)

အခွန်အကောက်များ

၁၅-၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သတ်မှတ်ပြဋ္ဌာန်းထားသော အခွန်အကောက်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့် ညွှန်ကြားချက်များနှင့်အညီ ကန်ထရိုက်တာမှ ပေးဆောင်ရမည်။

၁၅-၂။ သတလ(၂)သည် ကန်ထရိုက်တာမှ ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန်နှင့် အခြားအခွန်အကောက်များကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပါအတိုင်း သက်သာခွင့်ရရှိရေးကို ကူညီဆောင်ရွက်ပေးရမည်။

အပိုင်း (၁၆)

အာမခံထားရှိခြင်း

၁၆။ ကန်ထရိုက်တာသည် မြန်မာ့အာမခံဥပဒေအရ လိုအပ်သော အာမခံများ ထားရှိရမည်။

အပိုင်း (၁၇)

လုပ်ငန်းအတွက်အဆိုပြုတန်ဖိုး

၁၇။ ကန်ထရိုက်တာသည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ၊ ထုံးကြီးတောင်၊ ရွှေစင်တောင်လုပ်ကွက် ရွှေဖော်ထုတ်လုပ်ကွက် အတွက် သတလ(၂)သို့အဆိုပြု တန်ဖိုးငွေကျပ် (၁၀၀,၀၀၀,၀၀၀) (ကျပ် သန်းတစ်ရာ တိတိ) ကို လက်မှတ်ရေးထိုးသည့် နေ့မတိုင်မီ ပေးသွင်းရမည်။

အပိုင်း (၁၈)

ငွေပေးချေခြင်း

၁၈။ ကန်ထရိုက်တာသည် စာချုပ်အရ သတလ(၂)သို့ ပေးရန်ရှိသောငွေများကို သတလ(၂)မှ သတ်မှတ်ပေးထားသော မြန်မာနိုင်ငံရှိဘဏ်တွင်ပေးသွင်းရမည်။ ကန်ထရိုက်တာသည် စာချုပ်အရ ပေးရန်ရှိသောငွေများကိုပေးချေရန် ကျရောက်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ပေးချေရမည်။

အပိုင်း (၁၉)

အနုညာတစီရင် ဆုံးဖြတ်ခြင်း

၁၉။ ဤသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို တစ်ဖက်တစ်ဦးစီ ခန့်ထားသော ခုံလူကြီးနှစ်ဦးဖြင့် ဖြေရှင်းရမည်။ ခုံလူကြီးနှစ်ဦးက ဖြေရှင်းမဆုံးဖြတ်နိုင်လျှင် ခုံလူကြီးနှစ်ဦးက ရွေးချယ်ခန့်ထားသော သမာဓိလူကြီး၏ အဆုံးအဖြတ်ကိုခံယူရမည်။ ခုံလူကြီးနှစ်ဦး (သို့မဟုတ်) သမာဓိလူကြီး၏ ဆုံးဖြတ်ချက်သည် အပြီးဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များ အပေါ်၌လည်း အတည်ဖြစ်စေရမည်။ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် ၁၉၄၄ခုနှစ်၊ မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်း အက်ဥ်ပဒေ (မြန်မာနိုင်ငံ အက်ဥပဒေအမှတ် ၄/၁၉၄၄)နှင့် နောက်ပိုင်းထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက်များနှင့် အညီဖြစ်စေရမည်။ အနုညာတစီရင် ဆုံးဖြတ်မည့်နေရာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော် ဖြစ်စေရမည်။ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည်။

အပိုင်း (၂၀)

လုပ်ငန်းစစ်ဆေးခြင်း

၂၀-၁။ ရွှေသတ္တုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်လုပ်ငန်း၏ လုပ်ငန်းစဉ်များအောင်မြင်ရေးနှင့် စာချုပ်ပါလုပ်ငန်းရပ်များ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် အထွေထွေမန်နေဂျာ (သို့မဟုတ်) အထွေထွေမန်နေဂျာမှ တာဝန်ပေးသူ ဦးဆောင်သောအဖွဲ့နှင့် သက်ဆိုင်ရာမြို့နယ်ရွှေကြီးကြပ်ရေးအဖွဲ့များ၏ အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာလုပ်ငန်းရှင်နှင့် ဆွေးနွေးခြင်းတို့ကိုခံယူရမည်။

၂၀-၂။ ဖော်ပြပါလုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့်ကန်ထရိုက်တာတို့ နှစ်ဦးနှစ်ဖက်ဆွေးနွေးခြင်းကို အထွေထွေမန်နေဂျာရုံး(သို့မဟုတ်)ရွှေသတ္တုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်လုပ်ငန်းရှိရာ အခြားသင့်လျော်သည့်နေရာတွင်(၃)လတစ်ကြိမ် ဆွေးနွေးညှိနှိုင်းရမည်။ လိုအပ်ပါက အထွေထွေမန်နေဂျာမှ အချိန်မရွေး အစည်းအဝေး ခေါ်ယူနိုင်သည်။

၂၀-၃။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့မှ ဆုံးဖြတ်ရန်ခက်ခဲသည့် (သို့မဟုတ်) မဆုံးဖြတ်နိုင်သည့် ကိစ္စရပ်များအား သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ရမည်။

၂၀-၄။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် သတ္တုတွင်းဝန်ကြီးဌာနမှ အခါအားလျော်စွာ ချမှတ်ထားသော ဆုံးဖြတ်ချက်နှင့်အမိန့်များကို အရေးယူလိုက်နာ ဆောင်ရွက်ရမည်။

အပိုင်း (၂၁)

လုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း

၂၁-၁။ ကန်ထရိုက်တာသည် လုပ်ငန်းကာလအတွင်း သတလ(၂)မှ ကိုယ်စားလှယ်နှစ်ဦးထားရှိရန် သဘောတူသည်။ ယင်းကိုယ်စားလှယ်များ နေထိုင်သွားလာရေး၊ စားသောက်ရေးနှင့် စီမံခန့်ခွဲရေးအတွက် နှစ်ဖက်ညှိနှိုင်းပြီး သတ်မှတ်ပေးထားသော လစဥ်ထောက်ပံ့ကြေးငွေများကို ကန်ထရိုက်တာမှ စီမံဆောင်ရွက်ပေးရမည်။

၂၁-၂။ သတလ(၂) ကိုယ်စားလှယ်များအား ဤစာချုပ်ပါလုပ်ငန်းများနှင့်စပ်လျဥ်း၍ သက်ဆိုင် သောရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ကန်ထရိုက်တာမှပံ့ပိုးရမည်။

၂၁-၃။ သတလ(၂)နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်များသည် လိုအပ်ပါက သင့်လျော်သည့်အချိန်တွင် စာချုပ်အရလုပ်ပိုင်ခွင့်ရှိသောဧရိယာအတွင်း လုပ်ငန်းများဝင်ရောက် စစ်ဆေးခွင့်ရှိသည်။ ကန်ထရိုက်တာသည် အထက်ဖော်ပြပါပုဂ္ဂိုလ်များမှ ကန်ထရိုက်တာ၏ လုပ်ငန်းများနှင့် ပတ်သက်သော အတတ်ပညာပိုင်းဆိုင်ရာနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များ တောင်းခံလာပါက ဆောလျင်စွာကူညီပံ့ပိုးပေးရမည်။ ကိုယ်စားလှယ်များသည် ပုံမှန်လုပ်ငန်းဆောင်ရွက်နေမှုများကို ဝင်ရောက်စွက်ဖက်မှုမျိုး မဖြစ်စေရ။

အပိုင်း (၂၂)

ဘဏ်အာမခံငွေ

၂၂-၁။ ကန်ထရိုက်တာသည် ဤစာချုပ်လက်မှတ် ရေးထိုးပြီးနောက် ရက်ပေါင်း(၃၀)အတွင်း ဘဏ်အာမခံငွေအဖြစ် ကျပ် ၁၀,၀၀၀,၀၀,၀၀၀/- (ကျပ်သိန်းတစ်သောင်းတိတိ)ကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအမည်ဖြင့် နိုင်ငံတော်အစိုးရပိုင် မြန်မာ့စီးပွားရေးဘဏ် တစ်ခုခုတွင်ထားရှိရမည်။ ဘဏ်အာမခံငွေကို စာချုပ်သက်တမ်း တိုးမြှင့်သည့်ကာလအထိ (သို့မဟုတ်) ကန်ထရိုက်တာမှ စာချုပ်ပါတာဝန်ဝတ္တရားများအားလုံး ဆောင်ရွက်ပြီးစီးသည်အထိ စာချုပ်သက်တမ်း တစ်လျှောက်ထားရှိရမည်။

၂၂-၂။ ဤစာချုပ်ပါ သဘောတူညီချက်များအတိုင်းဆောင်ရွက်ရန် ကန်ထရိုက်တာမှပျက်ကွက်ခဲ့လျှင် အပိုင်း(၂၃)ပါအတိုင်းစာချုပ်ကိုရပ်စဲ၍ သတလ(၂)မှ ဘဏ်အာမခံငွေအားလုံးကိုသိမ်းယူနိုင်သည်။ စာချုပ်သက်တမ်း ကုန်ဆုံးလျှင်သော်လည်းကောင်း၊ ကန်ထရိုက်တာ၏ အပြစ်ကြောင့်မဟုတ်ဘဲ တစ်စုံတစ်ရာသော အကြောင်းကြောင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းလျှင်သော်လည်းကောင်း၊ သတလ(၂)သည် ကန်ထရိုက်တာမှပေးရန်ကျန်ရှိသောကြွေးမြီများကိုနုတ်ယူ၍ ကျန်သောဘဏ်အာမခံငွေကို ကန်ထရိုက်တာသို့ပြန်ပေးရမည်။ ဘဏ်အာမခံပုံစံမှာ နောက်ဆက်တွဲ(ဂ)ပါအတိုင်းဖြစ်သည်။

၂၂-၃။ ဘဏ်အာမခံငွေသည် စာချုပ်သက်တမ်းတစ်လျှောက်ထားရှိသွားမည်ဖြစ်ပြီး ကုမ္ပဏီမှ နိုင်ငံတော်သို့ လစဥ်ပေးသွင်းရမည့် သတ်မှတ်ရွေစင်အား မပေးသွင်းနိုင်ပါက ပေးသွင်းရမည့်သတ်မှတ်ရက်မှစ၍ ရက်ပေါင်း (၉၀)ကြိုတင်သတိပေးပြီး လိုက်နာရန်ပျက်ကွက်ပါက လုပ်ကွက်အားပိတ်သိမ်းခြင်းနှင့် အပ်နှံထားသည့် ဘဏ်အာမခံငွေကို သိမ်းဆည်းခြင်းခံရမည်။ ထို့ပြင်လိုအပ်သော ပေးရန်ကျန်ရွေစင်အတွက် ကာလပေါက်ဈေးနှင့် ညီမျှသော ကုမ္ပဏီ၏ပိုင်ဆိုင်မှုများကိုလည်း သိမ်းဆည်းခြင်းခံရမည်။

အပိုင်း (၂၂)
ဘဏ်အာမခံငွေ

၂၂-၁။ ကန်ထရိုက်တာသည် ဤစာချုပ်လက်မှတ် ရေးထိုးပြီးနောက် ရက်ပေါင်း(၃၀)အတွင်း ဘဏ်အာမခံငွေအဖြစ် ကျပ် ၁၀၀၀၀,၀၀,၀၀၀/- (ကျပ်သိန်းတစ်သောင်းတိတိ)ကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအမည်ဖြင့် နိုင်ငံတော်အစိုးရပိုင် မြန်မာ့စီးပွားရေးဘဏ် တစ်ခုခုတွင်ထားရှိရမည်။ ဘဏ်အာမခံငွေကို စာချုပ်သက်တမ်း တိုးမြှင့်သည့်ကာလအထိ (သို့မဟုတ်) ကန်ထရိုက်တာမှ စာချုပ်ပါတာဝန်ဝတ္တရားများအားလုံး ဆောင်ရွက်ပြီးစီးသည်အထိ စာချုပ်သက်တမ်း တစ်လျှောက်ထားရှိရမည်။

၂၂-၂။ ဤစာချုပ်ပါ သဘောတူညီချက်များအတိုင်းဆောင်ရွက်ရန် ကန်ထရိုက်တာမှပျက်ကွက်ခဲ့လျှင် အပိုင်း(၂၃)ပါအတိုင်းစာချုပ်ကိုရပ်စဲ၍ သတလ(၂)မှ ဘဏ်အာမခံငွေအားလုံးကိုသိမ်းယူနိုင်သည်။ စာချုပ်သက်တမ်း ကုန်ဆုံးလျှင်သော်လည်းကောင်း၊ ကန်ထရိုက်တာ၏ အပြစ်ကြောင့်မဟုတ်ဘဲ တစ်စုံတစ်ရာသော အကြောင်းကြောင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းလျှင်သော်လည်းကောင်း၊ သတလ(၂)သည် ကန်ထရိုက်တာမှပေးရန်ကျန်ရှိသောကြွေးမြီများကိုနုတ်ယူ၍ ကျန်သောဘဏ်အာမခံငွေကို ကန်ထရိုက်တာသို့ပြန်ပေးရမည်။ ဘဏ်အာမခံပုံစံမှာ နောက်ဆက်တွဲ(ဂ)ပါအတိုင်းဖြစ်သည်။

၂၂-၃။ ဘဏ်အာမခံငွေသည် စာချုပ်သက်တမ်းတစ်လျှောက်ထားရှိသွားမည်ဖြစ်ပြီး ကုမ္ပဏီမှ နိုင်ငံတော်သို့ လစဥ်ပေးသွင်းရမည့် သတ်မှတ်ရွှေစင်အား မပေးသွင်းနိုင်ပါက ပေးသွင်းရမည့်သတ်မှတ်ရက်မှစ၍ ရက်ပေါင်း(၉၀)ကြိုတင်သတိပေးပြီး လိုက်နာရန်ပျက်ကွက်ပါက လုပ်ကွက်အားပိတ်သိမ်းခြင်းနှင့် အပ်နှံထားသည့် ဘဏ်အာမခံငွေကို သိမ်းဆည်းခြင်းခံရမည်။ ထို့ပြင်လိုအပ်သော ပေးရန်ကျန်ရွှေစင်အတွက် ကာလပေါက်ဈေးနှင့်ညီမျှသော ကုမ္ပဏီ၏ပိုင်ဆိုင်မှုများကိုလည်း သိမ်းဆည်းခြင်းခံရမည်။

အပိုင်း (၂၃)
စာချုပ်ရပ်စဲခြင်း

၂၃-၁။ ဤစာချုပ်ကို အောက်ဖော်ပြပါ အချက်အလက်များအနက် တစ်ခုခုဖြစ်ပေါ်လာပါက မည်သည့် ဘက်ကမဆို ရက်ပေါင်း(၉၀)ကြိုတင်သတိပေးပြီး၊ သတ္တုတွင်းဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် စာချုပ် ရပ်စဲနိုင်သည်-

(က) သတ္တုရိုင်း တူးဖော်ထုတ်လုပ်မှုလုပ်ငန်းသည် စဉ်ဆက်မပြတ်အရှုံး ပေါ်ပေါက်နေခြင်း။

(ခ) တူးဖော်မှုလုပ်ငန်းအား မူလရည်မှန်းချက်အတိုင်း ရှေ့ဆက်လက်အကောင်အထည်ဖော်နိုင်မှု၊ စွမ်းဆောင်နိုင်မှုမရှိတော့ခြင်း။

(ဂ) ဤစာချုပ်အပိုင်း(၁၀)၊ အထွေထွေတာဝန်များ၊ အပိုဒ်၁၀-၁(က)နှင့် ၁၀-၁(ခ)တို့ပါအတိုင်း တစ်နှစ်အတွက် လျာထားသတ်မှတ်ထားသည့် ရွှေပေးသွင်းနိုင်ခြေရှိလျက် ပေးသွင်းမှုမပြုကြောင်း စစ်ဆေးတွေ့ရှိခြင်း။

(ဃ) တစ်ဖက်ဖက်မှ စာချုပ်ပါ စည်းကမ်းချက်များအား ဖောက်ဖျက်ခြင်း။

(င) မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုသည် (၆)လထက် ကျော်လွန်၍ ဖြစ်ပွားနေခြင်း။

(စ) စာချုပ်သက်တမ်းကုန်ဆုံးခြင်း။

၂၃-၂။ ဤစာချုပ်၌ တစ်စုံတစ်ရာ ပါဝင်မှုမရှိစေကာမူ နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး၊ စာဖြင့်ရေးသားထားသော သဘောတူညီချက်ရယူ၍ စာချုပ်ကိုရပ်စဲနိုင်သည်။ ထိုသို့စာချုပ်ရပ်စဲသည့်အခါတွင် သတ္တုတွင်းဝန်ကြီးဌာန၏ သဘောတူညီချက်ရရှိမှသာ အတည်ဖြစ်သည်။ ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မှတ်တမ်းတင်နိုင်ရန် ဆောင်ရွက်ရမည်။

၂၃-၃။ စာချုပ်ကိုရပ်စဲခြင်းအားဖြင့် စာချုပ်မရပ်စဲမီ တာဝန်ရှိခဲ့သည့် ကိစ္စရပ်များမှအပ သဘောတူ စာချုပ်ပါ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ၊ လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းဆောင်ရွက်ရန် အချက်အလက်များ လုံးဝပြီးပြတ်သည်ဟု မှတ်ယူရမည်။

အပိုင်း (၂၆)

မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

၂၆-၁။ ဤစာချုပ်အရ ဆောင်ရွက်ရမည့်တာဝန်များ ပျက်ကွက်ခြင်း (သို့မဟုတ်) နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လာလျှင် မလွန်ဆန်နိုင်သောဖြစ်ရပ်နှင့်အညီဖြစ်ပါက နှစ်ဦးနှစ်ဖက်ကင်းလွတ်ခွင့်ပြု ရမည်။ ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့်တစ်ဖက်မှမိမိလိုက်နာဆောင်ရွက်ရမည့် တာဝန်တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ခေတ္တဆိုင်းငံ့ရမည့်အခြေအနေပေါ်ပေါက်လာလျှင် ထိုသို့ဆိုင်းငံ့ထားရ မည့်ဖြစ်ရပ်နှင့် ဖြစ်တန်ရာသည့်ကာလတို့ကို ဖော်ပြလျက် ထိုဖြစ်ရပ်ပေါ်ပေါက်သည့်နေ့မှစ၍ (၁၄)ရက် (တစ်ဆယ့်လေးရက်) အတွင်း နစ်နာသူက အခြားတစ်ဖက်သို့စာဖြင့်အကြောင်းကြားရမည်။ ဤသို့အကြောင်းကြားခြင်းကို အခြားတစ်ဖက်မှ အတည်ပြုလက်ခံမှသာလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်ဖြစ်မြောက်ပြီး ထိုနစ်နာသော အချိန်ကာလအတွက် တာဝန်ဝတ္တရားများ ရပ်ဆိုင်းရမည်။ ထိုမလွန်ဆန်နိုင်သော အခြေအနေကို အမြန်ဆုံးကျော်လွှားနိုင်အောင် ဆောင်ရွက်ရမည်။

၂၆-၂။ အပိုဒ် ၂၆-၁ ပါအတိုင်း မလွန်ဆန်နိုင်သောဖြစ်ရပ်ပေါ်ပေါက်မှုကို တစ်ဖက်မှအသိပေးပြီး နှစ်ဦးနှစ်ဖက်အတည်ပြု လက်ခံထားသောဖြစ်ရပ်မှ ပေါ်ပေါက်လာသည့်ကြန့်ကြာမှု၊ ဆုံးရှုံးမှုများအတွက် မည်သည့်ဘက်တွင်မှ တာဝန်မရှိစေရ။ မလွန်ဆန်နိုင်သော ဖြစ်ရပ်ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ ရေကြောင်းဘေးအန္တရာယ်ကျရောက်မှု၊ သပိတ်မှောက်ခြင်း၊ အလုပ်သမားများ၏နှောင့်ယှက်မှုများ၊ စစ်ဖြစ်ပွားခြင်း၊ ပိတ်ဆို့မှု၊ ဆူပူမှု၊ ကူးစက်တတ်သောရောဂါဖြစ်ပွားမှု၊ မြေပြိုခြင်း၊ လျှော်လှုပ်ခြင်း၊ မုန်တိုင်းကျခြင်း၊ မိုးကြိုးပစ်ခြင်း၊ ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ပေါက်ကွဲခြင်းများနှင့် အခြားအလားတူ ထိန်းချုပ်၍ မရနိုင်သောဖြစ်ရပ်များ(သို့မဟုတ်) မည်သည့်ဘက်ကမျှ ကြိုးစားအားထုတ်မှုဖြင့် တားဆီးမရနိုင်သော ဖြစ်ရပ်များပါဝင်သည်။

၂၆-၃။ စစ်မက်ဖြစ်ပွားခြင်း၊ ရေကြီးခြင်းတို့မှအပ ကျန်ကိစ္စများအတွက် ရွှေပေးသွင်းမှု ကင်းလွတ်ခွင့်မပြုပါ၊

၂၆-၄။ အထက်ပါ စစ်မက်ဖြစ်ပွားခြင်း၊ ရေကြီးခြင်းများအတွက် သက်ဆိုင်ရာ တိုင်း/ပြည်နယ် ဒေသကြီးများ၊ သတ္တုတွင်းဝန်ကြီးဌာန၏ ထောက်ခံချက်များပါရှိမှသာလျှင် အတည်ဖြစ်သည်။

အပိုင်း (၂၇)

အခြားဓာတ်သတ္တု ပစ္စည်းများတွေ့ရှိခြင်း

၂၇-၁။ စာချုပ်အရ ရွှေသတ္တုရိုင်း တူးဖော်ထုတ်လုပ်နေစဥ် ရွှေသတ္တုရိုင်းမှအပ အခြားသောဓာတ်သတ္တု ပစ္စည်းများ၊ အဖိုးတန်သတ္တုများဖြစ်သည့် ကျောက်မျက်ရတနာများ၊ ရှေးဟောင်းပစ္စည်းများတစ်ခုခုကို မိမိလုပ်ကွက်အတွင်း၌ တူးဖော်တွေ့ရှိပါက ထိုသို့တွေ့ရှိကြောင်း ကန်ထရိုက်တာက သတလ(၂)နှင့် သတ္တုတွင်းဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားပြီး၊ နိုင်ငံတော်သို့အပ်နှံရမည်။ တူးဖော်တွေ့ရှိသော ရွှေသတ္တုရိုင်းမှအပ အခြားဓာတ်သတ္တု ပစ္စည်းများ၊ အဖိုးတန်သတ္တုများဖြစ်သည့် ကျောက်မျက်ရတနာများ၊ ရှေးဟောင်းပစ္စည်းများသည် နိုင်ငံတော်ပိုင်ဖြစ်ပြီး ကန်ထရိုက်တာနှင့် လုံးဝမသက်ဆိုင်စေရ။

၂၇-၂။ အကယ်၍ကန်ထရိုက်တာသည် ရွှေသတ္တုရိုင်းတူးဖော်ရန် လုပ်ပိုင်ခွင့်ရရှိသောဧရိယာတွင်း လုပ်ငန်းဆောင်ရွက်နေစဥ် ကာလအတွင်း ယူရေနီယံကဲ့သို့ (Radio Active Mineral) သတ္တုများ နိုင်ငံတော်အစိုးရကသာ လုပ်ကိုင်ခွင့်ရှိသော မဟာဗျူဟာမြောက် ဓာတ်သတ္တုများတွေ့ရှိပါက နိုင်ငံတော်ကသာလုပ်ကိုင်ခွင့်ရှိသည်၊ ယင်း အပြင်အခြားဓာတ်သတ္တုကိုတွေ့ရှိရ၍ ယင်းဓာတ်သတ္တုကိုလည်း တူးဖော်လုပ်ကိုင်လိုပါက ဆက်လက်လုပ်ဆောင်လိုသည်များကို ကန်ထရိုက်တာနှင့် သတလ(၂)တို့ညှိနှိုင်း၍ သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် အတည်ပြုချက်ဖြင့်သာ ဆက်လက်ဆောင်ရွက်ရမည်။

ကန်သတ်

အပိုင်း (၂၈)

လွှဲပြောင်း၍မရနိုင်သော အခွင့်အရေး

၂၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ လွှဲပြောင်း၍မရနိုင်သော နိုင်ငံတော်၏ မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက် သယံဇာတများကို တစ်ဦးတည်းပိုင်ဆိုင်ခွင့်နှင့် မူလဘူတ အခွင့်အရေးကျင့်သုံးခြင်းကို စာချုပ်ဝင်များ၏ အနုညာတဖြေရှင်းရန် တင်ပြသည့် သဘောတူညီချက်အပါအဝင် ဤစာချုပ်ပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ တားမြစ်ခြင်း (သို့မဟုတ်) ကန့်သတ်ခြင်း မပြုနိုင်။

အပိုင်း (၂၉)

အထွေထွေ

၂၉-၁။ စာချုပ်သက်တမ်းကုန်ဆုံးလျှင်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် လုပ်ငန်း ရပ်စဲ၍ စာချုပ်အား ဖျက်သိမ်းလျှင်သော်လည်းကောင်း၊ ရွှေသတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်အား သတလ(၂)မှတဆင့် သတ္တုတွင်းဝန်ကြီးဌာနသို့ပြန်လည်အပ်နှံရမည်။ အကယ်၍သတလ(၂)မှခွင့်ပြုမိန့်ပြန်လည်အပ်နှံရန်အကြောင်းကြား သော်လည်း ထုတ်ပေးထားသည့် ခွင့်ပြုမိန့်အား ပြန်လည်အပ်နှံရန် ပျက်ကွက်ပါက ကုမ္ပဏီအား နာမည်ပျက်စာရင်း သွင်းခြင်းခံရမည်။

၂၉-၂။ စာချုပ်သက်တမ်း ကုန်ဆုံးသောနေ့တွင် သက်တမ်းတိုးမှုမရှိပါက ဤစာချုပ်သည်အလိုလိုပျက်ပျယ် ပြီးဖြစ် စေရမည်။

၂၉-၃။ ဤစာချုပ်သည်သာလျှင် နှစ်ဦးနှစ်ဖက်အတည်ပြုထားသော သဘောတူညီချက်ဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ ယခင်ကနှုတ်ဖြင့် သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ရှိခဲ့လျှင် ထိုသဘောတူညီချက်များသည် ဆက်လက်၍ အကျိုးသက်ရောက် မှုမရှိစေရ။

၂၉-၄။ ဤစာချုပ်နှင့်ပတ်သက်၍ အကြောင်းကြားစာနှင့် အခြားဆက်သွယ်မှုများကို စာတိုက်၊ စကားပြောကြေးနန်း၊ တဲလက်စ်၊ ဖက်ဇ်မိုင်း၊ ကြိုးမဲ့ကြေးနန်း၊ ကြေးနန်းတို့ဖြင့် ပေးပို့သူကကျသင့်ငွေ ကြိုတင်ပေးချေ၍ ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ရာတွင် အောက်ဖော်ပြပါ လိပ်စာများအတိုင်း ဆက်သွယ်ဆောင်ရွက်ရမည်-

သတလ(၂)	ကန်ထရိုက်တာ
ဦးဆောင်ညွှန်ကြားရေးမှူး	ဥက္ကဋ္ဌ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း	အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်
သတ္တုတွင်းဝန်ကြီးဌာန	အမှတ်(၁၀၆)၊ တက္ကသိုလ်ရိပ်သာလမ်း
	ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
	ဖုံး- ၀၁-၅၂၆၀၄၅၊ ၀၉၅၀၁၀၂၈၄

၂၉-၅။ တစ်ဖက်မှ တစ်ဖက်သို့ ဆက်သွယ်သောစာများကို လက်ခံရရှိကြောင်း ပြန်ကြားရပါမည်။

စာချုပ်အား လွှဲပြောင်းခြင်း

၂၉-၆၊ ကန်ထရိုက်တာသည် သတလ(၂)နှင့် သတ္တုတွင်းဝန်ကြီးဌာန၏စာဖြင့် ကြိုတင်သဘောတူခွင့်ပြု ချက်မရဘဲ ဤစာချုပ်ပါ တာဝန်ဝတ္တရားအားလုံးအား(သို့မဟုတ်)လုပ်ငန်းတစ်စိတ်တစ်ဒေသအားအခြားပုဂ္ဂိုလ် အဖွဲ့အစည်းများ သို့ လွှဲပြောင်းခြင်း၊ အပ်နှံဆောင်ရွက်စေခြင်းတို့ကို မပြုလုပ်ရ။

စာချုပ်အားပြင်ဆင်ဖြည့်စွက်ခြင်း

၂၉-၇။ ဤစာချုပ်အား စာချုပ်ဝင်နှစ်ဖက်စာဖြင့် သဘောတူညီမှုမပါဘဲပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လုံးဝမပြုလုပ်ရ။ ဤသဘောတူစာချုပ်အားပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မှတ်တမ်းတင် နိုင်ရန် ပေးပို့ဆောင်ရွက်ရမည်။

စာချုပ်အားပြန်လည်ညှိနှိုင်းခြင်း

၂၉-၈။ စာချုပ်သက်တမ်းအတွင်း၌ ကန်ထရိုက်တာနှင့် သတလ(၂)တို့သည် ကြိုတင်မမျှော်မှန်း နိုင်သောအခြေ အနေတစ်ခုခု ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက်စာဖြင့်သဘောတူညီချက်ဖြင့် ဤစာချုပ်ကိုပြင်ဆင်နိုင်သည်။ ထိုသို့ ပြင်ဆင်သည့်အချက်အား သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူရမည်။ သို့သော်စာချုပ်၏ မူလရည်ရွယ် ချက်အား ပျက်ပြယ်သွားခြင်းမရှိစေရ။

၂၉-၉။ ဤစာချုပ်ပါနောက်ဆက်တွဲများသည် ဤသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်စေရမည်။

အပိုင်း (၃၀)

အကျိုးသက်ရောက်မှု

၃၀-၁။ ဤစာချုပ်သည် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးပြီးသည့်နေ့မှစ၍ သက်ဝင်အကျိုးသက်ရောက်ရမည်။

၃၀-၂။ ကုမ္ပဏီသည် သတ်မှတ်ထားသော စာချုပ်ပါ စည်းမျဉ်းစည်းကမ်း၊ ကတိကဝတ်များကို ဖောက်ဖျက်ပါက ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ထုတ်ပေးထားသောလုပ်ကွက်အား ပိတ်သိမ်းခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားနိုင်သည်။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။ ဝန်ကြီးဌာနဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

အပိုင်း (၃၁)

အစစ်အမှန်ဖြစ်ခြင်း

၃၁။ ဤစာချုပ်အား မြန်မာဘာသာဖြင့်ရေးသားပြီး မူရင်း(၂)အုပ်သာရှိ၍ တစ်ဖက်စီ၌ တစ်အုပ်စီရှိရမည်။

ဤသဘောတူစာချုပ်အား စာချုပ်၏ အစဦးပိုင်းတွင်ဖော်ပြထားသော ၁၆ ရက်၊ ဒီဇင်ဘာ လ၊ ၂၀၁၁ ခုနှစ် တို့တွင် အောက်ပါအတိုင်း နှစ်ဦးနှစ်ဖက်သဘောတူလက်မှတ်ရေးထိုးကြပါသည် -

သတလ (၂) (ကိုယ်စား)	ကန်ထရိုက်တာ (ကိုယ်စား)
	29-1-2012
တင်မောင်ဌေး	စိုးထွန်းရှိန်
ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး	ဥက္ကဋ္ဌ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း	အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်
သတ္တုတွင်းဝန်ကြီးဌာန	အမှတ်(၁၀၆)၊ တက္ကသိုလ်ရိပ်သာလမ်း
နေပြည်တော်	ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
	ဖုံး၊ ၀၁-၅၂၆၀၄၅ ၊ ၀၉၅၀၁၀၂၈၄

ကျွန်ုပ်တို့၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပါသည်။

အသိသက်သေများ

(၁)		(၂)	
၁။ အမည်	- ဦးအေးဇော်	၁။ အမည်	-
၂။ ရာထူး	- ညွှန်ကြားရေးမှူး	၂။ ရာထူး	-
၃။ မှတ်ပုံတင်အမှတ်	-	၃။ မှတ်ပုံတင်အမှတ်	-
၄။ ဌာန / နေရပ်	- အမှတ်(၂)သတ္တုတွင်းလုပ်ငန်း	၄။ ကုမ္ပဏီ	- အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီ

ကုမ္ပဏီ(၂၂)ခု ပူးပေါင်းပါဝင်သည့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်အုပ်စု

(၁)

၁။ အမည် - ဦးမန်းစိန်
၂။ ရာထူး - အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ် - ၉/မခန(နိုင်)၁၁၅၄၂၃
၄။ ဌာန / နေရပ် - ဝေလင်းထိုက်ကုမ္ပဏီလီမိတက်

(၂)

၁။ အမည် - ဦးစိုင်းဝင်းမြင့်
၂။ ရာထူး - အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ် - ၁၃/တကန(နိုင်)၁၂၅၉၅၇
၄။ ကုမ္ပဏီ - ကန္တာရစိမ်းကုမ္ပဏီလီမိတက်

(၃)

၁။ အမည် - ဦးအောင်မြင့်သိန်း
၂။ ရာထူး - အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ် - ၁၃/ရခန(နိုင်)၀၀၄၇၈၅
၄။ ဌာန / နေရပ် - အာရှအမြုတေကုမ္ပဏီလီမိတက်

(၄)

၁။ အမည် - ဦးမောင်ကြီး
၂။ ရာထူး - အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ် - ၉/တကန(နိုင်)၁၃၃၀၇၄
၄။ ကုမ္ပဏီ - နေခြည်ပွင့်ကုမ္ပဏီလီမိတက်

(၅)

၁။ အမည် - ဦးလှမောင်
၂။ ရာထူး - အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ် - ၉/ပပဘန(နိုင်)၀၀၆၄၀၇
၄။ ဌာန / နေရပ် - မြမျိုးသက်ဦးကုမ္ပဏီ

(၆)

၁။ အမည် - ဦးဇင်မင်းထူး
၂။ ရာထူး - အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ် - ၁၂/စခန(နိုင်)၀၆၆၄၆၀
၄။ ကုမ္ပဏီ - မြင့်မိုရ်ရွှေတောင်ကုမ္ပဏီလီမိတက်

(၇)

၁။ အမည် - ဦးဆန်နီ
၂။ ရာထူး - အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ် - ၉/ရမသ(နိုင်)၀၈၇၀၀၂
၄။ ဌာန / နေရပ် - ထိပ်တန်းရွှေညီကိုများကုမ္ပဏီ

(၈)

၁။ အမည် - ဦးရဲမင်းထွန်း
၂။ ရာထူး - အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ် - ၉/မတရ(နိုင်)၁၄၁၅၉၆
၄။ ကုမ္ပဏီ - ငြိမ်းစုဝံကုမ္ပဏီလီမိတက်

(၉)

၁။ အမည် - ဦးကျော်ဦး
၂။ ရာထူး - အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ် - ၅/လဝန(နိုင်)၁၀၄၂၁၉
၄။ ဌာန / နေရပ် - ဟိန်းစည်သူကုမ္ပဏီလီမိတက်

(၁၀)

၁။ အမည် - ဦးမင်းမင်းစိုး
၂။ ရာထူး - အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ် - ၉/ရမသ(နိုင်)၀၈၅၂၄၉
၄။ ကုမ္ပဏီ - ရွှေပလောင်ကုမ္ပဏီလီမိတက်

(၁၁)

၁။ အမည် - ဦးအိုက်ကျော်
၂။ ရာထူး - အုပ်ချုပ်မှုဒါရိုက်တာ
၃။ မှတ်ပုံတင်အမှတ် - ၁၃/နခန(နိုင်)၀၃၈၁၆၃
၄။ ဌာန / နေရပ် - ကြယ်ငါးပွင့်ကုမ္ပဏီလီမိတက်

